



# တိုက်ပွဲနှင့် မီးကြား အပြေးအလွှား



စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံအတွင်း ဒုက္ခသည် အမျိုးသမီးများ၊ လူငယ်များနှင့် ကလေးသူငယ်များ၏ အတွေ့အကြုံများ

Published by Ministry of Women, Youths and Children Affairs
National Unity Government , The Republic of Union of Myanmar

*တိုက်ပွဲနှင့် မီးကြား အပြေးအလွှား၊*

# စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံအတွင်း ဒုက္ခသည် အမျိုးသမီးများ၊ လူငယ်များနှင့် ကလေးသူငယ်များ၏ အတွေ့အကြုံများ

မတ်လ ၂၀၂၂ ခုနှစ်။

## “အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာန၊ ဝန်ကြီး၏အမှာစာ”

၂၀၂၂ ခုနှစ် မတ်လ (၈) ရက် နေ့တွင်ကျ ရောက်သော အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အားဂုဏ်ပြုသောအားဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ၏ အမျိုးသမီး၊ လူငယ် နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာနမှ “တိုက်ပွဲနှင့် မီးကြား အပြေးအလွှား’’ ဆိုသည့် ဤလေ့လာဆန်းစစ်ချက်အစီရင်ခံစာအားထုတ်ပြန်အပ်ပါသည်။

ဝန်ကြီးဌာန၏ ရည်ရွယ်ချက်များဖြစ်သော-


(က) Protect - အမျိုးသမီး၊ လူငယ်နှင့်ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ် ပေးရန်။

(ခ) Provide - အမျိုးသမီး၊ လူငယ်နှင့်ကလေးသူငယ်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်။

(ဂ) Promote - အမျိုးသမီး၊ လူငယ်နှင့်ကလေးသူငယ်များ၏ ဖက်ဒရယ်တည်ဆောက်ရေးပါဝင်မှုကိုမြှင့်တင်ရန် ဆိုသည့် အချက်များနှင့်အညီ ဝန်ကြီးဌာန၏ လုပ်ငန်းများအနက် တစ်ခု အဖြစ် စစ်ရှောင်အမျိုးသမီးများနှင့် ကလေးသူငယ် များ၏ အရေးပေါ်လိုအပ်ချက်များနှင့် လိုအပ်သည့် ကြားဝင်ဆောင်ရွက်မှုများအပေါ် လေ့လာဆန်းစစ်ချက်တစ်ရပ် ထုတ်လုပ်ပေးခြင်းဖြစ်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့၊ စစ်တပ်အာဏာသိမ်းရန်ကြိုးပမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံအတွင်း ဒုက္ခသည် အမျိုးသမီးများ၊ လူငယ်များနှင့် ကလေးသူငယ်များ၏ အတွေ့အကြုံများအားလေ့လာ ဆန်းစစ်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအားပြန်လည်ရရှိနိုင်ရန် အင်အားတစ်ရပ်ဖြစ်စေရန် ရည်ရွယ်ပါသည်။

လေးစားစွာဖြင့်



နော်စူစင်နာလှလှစိုး
ဝန်ကြီး၊ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာန

## မာတိကာ


၁။ မိတ်ဆက် ..... 1

၁.၁ နောက်ခံအကြောင်းအရာ ..... 1

၁.၂ ချင်း၊ စစ်ကိုင်း၊ ကရင်နီနှင့် ကရင် တို့တွင် အိုးအိမ်စွန့်ခွာရသည့်အခြေအနေ ခြုံငုံဖော်ပြချက် ..... 3

၁.၃ လေ့လာဆန်းစစ်ချက်၏ နောက်ခံအကြောင်းအရာ ..... 6

၁.၄ လေ့လာဆန်းစစ်ချက်၏ ရည်ရွယ်ချက် ..... 7

၂။ နည်းနိဿယ ..... 8

၂.၁ ဒေတာ ကောက်ယူခြင်း နည်းလမ်းများ ..... 8

*၂.၁.၁ အတွင်းကျကျအင်တာဗျူးမေးမြန်းခြင်း (IDI)* ..... 9

*၂.၁.၂ အဓိက သတင်းပေးသူများနှင့် အင်တာဗျူးမေးမြန်းခြင်း (KII)* ..... 9

၂.၂ ဒေတာခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်နှင့် အစီရင်ခံခြင်း ..... 9

၂.၃ အကန့်အသတ်များ ..... 10

၃။ တွေ့ရှိချက်များနှင့် စိတ်ဖြာသုံးသပ်မှု ..... 12

စိတ်ဖြာသုံးသပ်မှု၏ ခြုံငုံဖော်ပြချက် ..... 12

IDP စစ်ရှောင်စခန်းများတွင် အမျိုးသမီးများနှင့် ကလေးငယ်များ၏ အခြေအနေများ ..... 14

*ပဋိပက္ခအတွင်း အတွေ့အကြုံများ* ..... 14

*IDP စစ်ရှောင်စခန်းများတွင် လူမှုဘဝဖူလုံမှုဆိုင်ရာ အခြေအနေများ* ..... 16

*လူမှုရေးရာနှင့် ကျန်းမာရေး ပြဿနာများ* ..... 17

၃.၁ လက်ငင်းတုံ့ပြန်ဆောင်ရွက်ပေးရန် အရေးပေါ် လိုအပ်ချက်များ ..... 18

*အမျိုးသမီးများအတွက် အဓိက လိုအပ်ချက်များ* ..... 18

*ကလေးသူငယ်များအတွက် အဓိက လိုအပ်ချက်များ* ..... 19

*လူငယ်များအတွက် အဓိက လိုအပ်ချက်များ* ..... 19

၃.၂ ပဋိပက္ခနှောင်းပိုင်း မဟာဗျူဟာမြောက်တုံ့ပြန်ဆောင်ရွက်မှုအတွက် လိုအပ်ချက်များ ..... 20

*ကုစားမှုများ/ပဋိပက္ခများအတွင်း ဆုံးရှုံးမှုများ နှင့် တရားမျှတမှု လက်လှမ်းမှီရေး* ..... 20

*ပြန်လည်ပြုစုမျိုးထောင်ရေးအပေါ် မျှော်မှန်းချက်များ (ရေတိုနှင့် ရေရှည်)* ..... 22

**၄။ လေ့လာချက်ပြုလုပ်သည့် ဒေသများတွင် ပဋိပက္ခနှင့် အိုးအိမ်စွန့်ခွာရမှု လက်ရှိ အခြေအနေ** ........................ 24

**၄.၁ အာဏာသိမ်းမှု တစ်နှစ်အပြီး ချင်း၊ ကရင်နီ၊ ကရင် နှင့် စစ်ကိုင်းတို့တွင် ပဋိပက္ခအခြေအနေများ အား ခြုံငုံဖော်ပြချက်** ........................ 24

**၄.၂ ယာယီ ခိုလှုံရာနေရာများ/စခန်းများ/ဒေသခံ လူထုများ၏ အခြေအနေရပ်များအား ခြုံငုံဖော်ပြချက်** ..... 25

**၄.၃ ဂျဲန်ဒါနှင့်ပတ်သက်သည့် ထိခိုက်လွယ်မှု** ........................ 26

**၅။ နိဂုံးချုပ်နှင့် အကြံပြုချက်များ** ........................ 29

**၆။ နောက်ဆက်တွဲ** ........................ 32

**ပါဝင်ဖြေဆိုသူများစာရင်း (KII)** ........................ 32

**ပါဝင်ဖြေဆိုသူများစာရင်း (IDI)** ........................ 33

# ၁။ မိတ်ဆက်

## ၁.၁ နောက်ခံအကြောင်းအရာ

မြန်မာနိုင်ငံ၏ ဒီမိုကရေစီသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စစ်တပ်အာဏာသိမ်းလိုက်သည့်အချိန်မှ စ၍ နောက်ကြောင်းပြန်လှည့်ခဲ့တော့သည်။ မြန်မာနိုင်ငံသည် ၂၀၁၀ ခုနှစ်မှ ၂၀၂၀ ကာလများအတွင်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် ပါတီစုံ ရွေးကောက်ပွဲများ၊ အသက်ဝင်သည့်လွှတ်တော်၊ ပိုမိုတိုးတက်လာသော လွတ်လပ်ခွင့်နှင့် အခွင့်အရေးများနှင့်၊ ပိုမိုများ ပြားလာသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြင့် ကောင်းမွန်သောတိုးတက်မှုများ ဖြစ်ပေါ်နေခဲ့သည်။ သို့သော်လည်း မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် စစ်ဘက်ဆိုင်ရာမှ လွှတ်တော်၏ ၂၅% ကို ရွေးကောက်မခံပဲနေရာယူထားစေသည်ဖြစ်ရာ ဒီမိုကရေစီကို အပြည့်အဝကျင့်သုံးရန် အခက်အခဲ အတားအဆီးများဖြစ်ပေါ်စေခဲ့သည်။[1] ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) သည် ၂၀၁၅ ခုနှစ် နှင့် ၂၀၂၀ ရွေးကောက်ပွဲနှစ်ရပ်လုံးတို့တွင် တောင်ပြိုကမ်းပြိုအနိုင်ရရှိခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် အာဏာကို အသာတကြည်လွှဲပြောင်းပေးခဲ့သော်လည်း စစ်တပ်သည် ၂၀၂၀ ရွေးကောက်ပွဲရလဒ်များကိုအသုံးပြုပြီး မှားယွင်း ကြောင်းစွပ်စွဲမှုများဖြင့် အကြောင်းပြကာ ၂၀၂၁ ခုနှစ် တွင် အာဏာသိမ်းခဲ့သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ထောင်နှင့်ချီသောစက်ရုံအလုပ်သမားများသည် အိသဉ္ဇာမောင်၊ အက်စတာဇွဲနော် နှင့် မိုးစန္ဒာမြင့် ခေါ် ရဲရင့်သည့်အမျိုးသမီးတို့၏ ဦးဆောင်မှုဖြင့် ရန်ကုန်မြို့ရှိ လမ်းမများပေါ်သို့ချီတက်ခဲ့ကြသည်။ ထို့နောက် မကြာမီရက်များအတွင်း တစ်နိုင်ငံလုံးတွင် ထောင်ပေါင်းများစွာသော လူထုတို့မှ စစ်တပ်၏အာဏာသိမ်းမှုကို ဆန့်ကျင်ကြောင်း ၎င်းတို့၏အသံနှင့်ဆန္ဒကို တစ်စုတစ်စည်းတည်းထုတ်ဖော်လာခဲ့ကြသည်။ မျိုးဆက် သစ်များအနေဖြင့် ဆန္ဒပြရန်အတွက် အတွေးအခေါ်သစ်များ၊ ဖန်တီးမှုအသစ်များဖြင့် လုပ်ဆောင်ခဲ့ကြပြီး နိုင်ငံတကာ အာရုံစိုက်မှုကို ရရှိခဲ့ကြသည်။[2] မတူညီသော မျိုးဆက်များ၊ လူမှုရေးနောက်ခံများ၊ ဘာသာရေး ယုံကြည်မှုများ၊ လိင်ဝိသေသခံယူမှုများ၊ အလုပ်အကိုင်များ အသီးသီးရှိ လူထုတို့မှ လမ်းပေါ်သို့ထွက်လာခဲ့ကြပြီး စစ်တပ်အာဏာ သိမ်းမှုကို လက်မခံကြောင်း ပြသခဲ့ကြသည်။

စစ်တပ်သည် အစောပိုင်းတွင် ကန့်သတ်မှုအနည်းအကျဉ်းတို့ကို လုပ်ဆောင်ခဲ့သော်လည်း နောက်ပိုင်းတွင် ငြိမ်းချမ်းစွာဆန္ဒပြမှုများကို ဖြိုခွင်းပြီး၊ ဆန္ဒပြသည့်အတွက်အပြင်၊ ပြည်သူ့ဝန်ထမ်းအာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) တွင် ပါဝင်ခြင်း၊လူမှုသတင်းမီဒီယာများပေါ်တွင် ပို့စ်များတင်ခြင်း နှင့် ဆန္ဒပြသူများအား ထောက်ခံခြင်း စသည်တို့အတွက် လူအများအား စတင် ဖမ်းဆီး၊ သတ်ဖြတ်လာခဲ့သည်။ AAPP ၏ ထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ် မတ်လ ၄ ရက်နေ့အထိ ပြည်သူပေါင်း ၉၅၀၇ ဦးတို့သည် ဖမ်းဆီး၊ အမှုစွဲဆို သို့မဟုတ် ပြစ်ဒဏ်ချမှတ် ခံခဲ့ရပြီး၊ ၁၉၇၃ ဦးတို့က ဖမ်း

[1] မြန်မာနိုင်ငံ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ. file:///C:/Users/USER/Downloads/constitution_de_2008.pdf

[2] https://www.scmp.com/news/asia/southeast-asia/article/3122541/myanmar-protesters-return-streets-undeterred-saturdays?module=perpetual_scroll_1&pgtype=article&campaign=3122541 တွင်ကြည့်ပါ

ဝရမ်းထုတ်ခံရပြီး ထွက်ပြေးရှောင်တိမ်းနေကြရကာ၊ ၁၆၀၃ ဦးတို့က သတ်ဖြတ်ခံခဲ့ရပြီး၊ ၈၂၇ ဦးတို့မှာ ပြစ်ဒဏ်စီရင်ခံနေရသည်ဟုဆိုသည်။[3] ၂၀၂၂ ခုနှစ် မတ်လ ၁ ရက်နေ့တွင် အမျိုးသားညီညွတ်ရေးအစိုးရ၏ အမျိုးသမီး၊ လူငယ် နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာနက အာဏာသိမ်းစဉ်မှစ၍ အသတ်ဖြတ်ခံခဲ့ရသော အမျိုးသမီး၊ လူငယ် နှင့် ကလေးသူငယ်တို့၏ အချက်အလက်များကို ၎င်းတို့၏ လူမှုကွန်ယက်သတင်းမီဒီယာစာမျက်နှာတွင် ထုတ်ပြန်ခဲ့သည်။ အမျိုးသမီး ၁၂၂ ဦး သို့မဟုတ် ၈ ရာခိုင်နှုန်း၊ လူငယ် ၇၂၄ ဦး သို့မဟုတ် ၄၇ ရာခိုင်နှုန်း နှင့်၊ ကလေးသူငယ် ၁၁၀ ဦး သို့မဟုတ် ၇.၂ ရာခိုင်နှုန်းတို့ အသတ်ဖြတ်ခံခဲ့ရကြောင်းဆိုထားပြီး၊[4] ပဋိပက္ခဖြစ်ပွားနေသည့် နယ်မြေဒေသများအတွင်း နေ့စဉ်နှင့်အမျှ သတ်ဖြတ်ခံနေရသည့် စင်စစ် လူဦးရေ အရည်အတွက်သည် ၎င်းထက် ပို၍ သိသာစွာများပြားနိုင်သည်။ ၎င်းအသတ်ဖြတ်ခံရသူများအတွင်း အသက် ၁၈ နှစ်အောက်အရွယ် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများလည်းပါဝင်သည်။ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူး၊ လက်ထောက်ပြောရေးဆိုခွင့်ရှိသူက ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့ ရက်စွဲဖြင့် ၎င်း၏ မိန့်ခွန်းအတွင်း "မြန်မာနိုင်ငံ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် လွန်ခဲ့သော တစ်နှစ်အတွင်း စစ်တပ်မှအာဏာသိမ်းခဲ့ပြီးနောက်ပိုင်း အနည်းဆုံး ကလေးငယ် ၁၁၄ ဦးတို့ကို သတ်ဖြတ်ခဲ့သည်" ဟုဆိုထားသည်။[5]

ရက်စက်စွာသတ်ဖြတ်ခြင်းနှင့် ဖမ်းဆီးခြင်းများကြောင့် ပြည်သူများသည် ၎င်းတို့ကိုယ်တိုင် ကာကွယ်ကြရပြီး၊ နောက်ဆုံးတွင် လူထုအနေဖြင့် နိုင်ငံတစ်ဝှမ်းတွင် လက်လုပ်လက်နက်များအသုံးပြု၍ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ခေါ် (People's Defense Force – PDF) များ စတင်ဖွဲ့ စည်းလာကြရသည်။ ယင်း PDF အမြောက်အများတို့သည် မြန်မာစစ်တပ်၏ မတရားမှုနှင့် ရက်စက်ကြမ်းကြုတ်မှုများကို တိုက်ဖျက်ရန် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (EAO) များဖြင့် မဟာမိတ်ဖွဲ့ခဲ့ကြသည်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ကာကွယ်ရေးဝန်ကြီးကလည်း PDF များဖွဲ့စည်းခြင်းကို 'ဖယ်ဒရယ် တပ်မတော်၏ ကနဦး တပ်ဖွဲ့' ဖွဲ့စည်းခြင်းဖြစ် ထုတ်ပြန်ခဲ့ပြီး၊ PDF ကို နိုင်ငံတစ်ဝှမ်းအတွင်းဖြစ်ပေါ်နေသော အကြမ်းဖက်မှုများအား တုံ့ပြန်ရန်ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခြင်းဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။[6] စစ်တပ်သည် PDF များနှင့် ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့များအား တရားစွဲဆိုခြင်းနှင့် ရှာဖွေဖမ်းဆီးခြင်းများပြုလုပ်ပြီး၊ ၂၀၂၁ ခုနှစ် နှစ်လယ်ပိုင်းမှစ၍ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ကရင်နီပြည်နယ် နှင့် ကရင်ပြည်နယ်တို့တွင် ပြင်းထန်သည့် စစ်ဆင်ရေးများစတင်လုပ်ဆောင်လာခဲ့သည်။ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပါအဝင် ပြည်သူလူထုပေါင်း ထောင်နှင့်ချီ၍ အိုးအိမ်မှ စွန့်ခွာထွက်ပြေးကြရသည်။

စစ်တပ်အာဏာသိမ်းမှုနှင့် ကိုဗစ်-၁၉ ရောဂါတို့သည် မြန်မာပြည်သူလူထုအပေါ် ကြီးမားစွာ သက်ရောက်ရိုက်ခတ်ခဲ့သည်။ ၂၀၂၁ ခုနှစ် ILO Rapid Assessment အကဲဖြတ်ဆန်းစစ်ချက်အရ ၂၀၂၁ ခုနှစ်တွင် ၁.၆ သန်းကျော်ရှိသည့် အလုပ်သမားများတို့သည် အလုပ်လက်မဲ့ဖြစ်လာကြရကြောင်း ဆိုသည်။ ၂၀၁၉ ခုနှစ်နှင့်နှိုင်းစာလျှင် ၃.၂ သန်း သို့မ

[3] https://aappb.org/background/about-aapp/ (၂၀၂၂ ခုနှစ် မတ်လ ၇ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုရယူမှီငြမ်းထားသည်)

[4] https://www.facebook.com/photo/?fbid=291486076447785&set=pcb.291486623114397

[5] https://www.malaysiasun.com/news/272275407/at-least-114-children-killed-by-myanmar-military-since-2021-coup-un-spokesman

[6] https://en.wikipedia.org/wiki/People%27s_Defence_Force_(Myanmar)

ဟုတ် ၁၄% သော အလုပ်သမားတို့သည် အလုပ်လက်မဲ့ဖြစ်လာကြရသည်။ အမျိုးသမီးအလုပ်သမားများသည် ၂၀၂၀ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်အတွင်း အလုပ်ချိန် ၁၉ ရာခိုင်နှုန်း ဆုံးရှုံးကြရပြီး၊ အမျိုးသားများမှာ ၁၇ ရာခိုင်နှုန်း ဆုံးရှုံးကြသည်။ ယင်းအချိန်အတောအတွင်း၌ပင် အမျိုးသမီးပေါင်း ၇၃၀,၀၀၀ ဦးတို့သည် ၎င်းတို့၏အလုပ်ခွင်မှ စွန့်ခွာကြရသို့မဟုတ် အလုပ်ဆုံးရှုံးကြရသည်။[7] သင့်လျော်သည့် ကျန်းမာရေးစောင့်ရှောက်မှု မရရှိအောင် အာဏာသိမ်းစစ်တပ်မှ ရည်ရွယ်ချက်ရှိရှိ ပိတ်ဆို့ထားသဖြင့် ၂၀၂၁ ခုနှစ ဇူလိုင်လ-ဩဂုတ်လ အတွင်း ကိုဗစ်-၁၉ ကူးစက်ရောဂါ တတိယလှိုင်း အပြင်းအထန်ရိုက်ခတ်ခဲ့သည်။ လူထုအသက်ပေါင်းများစွာ မလိုအပ်ပဲ ဆုံးရှုံးခဲ့ကြရသည်။

ADB မှ ၂၀၂၁ ခုနှစ်အတွက် မြန်မာနိုင်ငံအတွင်းရှိ GDP ဖွံ့ဖြိုးမှုနှုန်း ခန့်မှန်းချက်မှာ -၁၈.၄% ကျဆင်းသွားမည်ဟုဆိုသည်။[8] ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်အရ ဆင်းရဲစွာနေထိုင်နေရသော မြန်မာ့လူဦးရေထုသည် ၂၀၁၉ ခုနှစ်နှင့် နှိုင်းစာလျှင် ၂၀၂၂ ခုနှစ် တွင် နှစ်ဆ တိုးများလာနိုင်ချေရှိကြောင်းဆိုသည်။[9] အာဏာသိမ်းပြီး တစ်နှစ်အကြာတွင် စစ်တပ်သည် ကမ္ဘာတစ်ဝှမ်းတွင်ရော မြန်မာပြည်အတွင်း၌ပါ တရားဝင်သည့်အစိုးရတစ်ရပ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့်သတ်မှတ်ခြင်းမခံပဲရှိနေဆဲဖြစ်ပြီး၊ အားကောင်းသည့် ခုခံမှုများကြောင့် ထိရောက်စွာ မအုပ်ချုပ်နိုင်ပဲ ရှိသည်။

## ၁.၂ ချင်း၊ စစ်ကိုင်း၊ ကရင်နီနှင့် ကရင် တို့တွင် အိုးအိမ်စွန့်ခွာရသည့်အခြေအနေ ခြုံငုံဖော်ပြချက်

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ်ကတည်းကစပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပဋိပက္ခနှင့် ပြည်တွင်းစစ် ကာလရှည်ဖြစ်ပွားခဲ့သည့် သမိုင်းကြောင်းရှိသည်။ ကာလကြာ ပဋိပက္ခများကြောင့် ဆယ်စုနှစ်များတစ်လျှောက်လုံး အိုးအိမ်ပျက်စီးစွန့်ခွာကြရမှု အများအပြားဖြစ်ပေါ်စေခဲ့သည်။ မြန်မာ့သတင်းအချက်အလက်စီမံခန့်ခွဲမှု ယူနစ် **(MIMU)** ပါ ကရင်ပြည်နယ်အကြောင်းဖော်ပြချက်အရ ထိုင်းနိုင်ငံအတွင်း ဒုက္ခသည်အဖြစ်မှတ်ပုံတင်ထားသည့် လူထု၏ သုံးပုံ-နှစ်ပုံ တို့မှာ ကရင်ပြည်နယ်မှဖြစ်ပြီး၊ ကျန် မှတ်ပုံမတင်ထားသည့် ၅၀,၀၀၀ ဦးခန့်တို့မှာလည်း မူလ ကရင်ပြည်နယ်မှဖြစ်သည်ဟု သတ်မှတ်ရကြောင်း ဆိုသည်။[10] အာဏာမသိမ်းမီတွင် ၂၀၁၁ ခုနှစ်က တည်ထောင်ခဲ့သည့် ဒုက္ခသည်စခန်းများအတွင်း ကျန်ရှိနေသည့် ဒုက္ခသည်ပေါင်း ၉၆,၀၀၀ ဦးတို့ရှိပြီး ၄၈**%** တို့မှာ အမျိုးသမီးများဖြစ်ကာ ၃၄**%** တို့မှာ ကလေးငယ်များဖြစ်ကြသည်။ အာဏာမသိမ်းမီ စစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအကြား တိုက်ပွဲဖြစ်ပွားမှုများကြောင့် လူပေါင်း ၁၀,၀၀၀ (၅၁**%** တို့မှာ အမျိုးသမီးများဖြစ်) တို့ အိုးအိမ်စွန့်ခွာကြရသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် မြန်မာ့ လက်နက်ကိုင်တပ်ဖွဲ့များသည် နှစ်ဦးနှစ်ဖက်အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများရှိနေသည့်ကြားမှ ဆက်လက် ပဋိပက္ခဖြစ်ပွားနေခဲ့သည်။ ၂၀၂၀ ခုနှစ်တွင် လူပေါင်း ၈၆၀၀ ဦးတို့ အိုးအိမ်စွန့်ခွာကြရပြီး၊ ၉၈၀၀ ဦးတို့မှာ ဒုက္ခသည်စခန်း သို့မဟုတ် ယင်းသို့စခန်းမျိုးနှင့်သဏ္ဍာန်

[7] ၂၀၂၁ ခုနှစ် မြန်မာနိုင်ငံရှိ အလုပ်သမားအင်အား : ILO လျပ်တပြတ်အကဲဖြတ်ဆန်းစစ်ချက်

[8] https://www.adb.org/countries/myanmar/main

[9] https://www.worldbank.org/en/country/myanmar/overview#1

[10] https://themimu.info/sites/themimu.info/files/documents/Infographic_KayinStateProfile_UNHCR_June2014.pdf

တူသည့် စခန်းနေရ ၃၃ ခုတို့တွင် ဆက်လက်ကျန်ရှိနေကြရကာ၊ ၎င်းတို့အနက် ၃၈**%** တို့မှာ ကလေးငယ်များဖြစ်ပြီး၊ ၆၉**%** တို့မှာ အမျိုးသမီးနှင့်ကလေးငယ်များအတူတကွ တို့ဖြစ်ကြသည်။[11]

ရခိုင်ပြည်နယ်အတွင်း အိုးအိမ်စွန့်ခွာရမှုများသည် ၂၀၁၂ ခုနှစ် ပဋိပက္ခမှစတင်ခဲ့ခြင်းဖြစ်ပြီး၊ ၂၀၁၇ ခုနှစ်တွင် ပိုမို အရှိန်ပြင်းထန်လာခဲ့ကာ၊ ၈၀၀,၀၀၀ သော ရိုဟင်ဂျာမျိုးနွယ်အုပ်စုများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဒုက္ခသည်အဖြစ် ရှောင်တိမ်းစေခဲ့သည်။ စခန်းများအတွင်း လူဦးရေထူထပ်သိပ်သည်းခြင်းနှင့် ပုဂ္ဂိုလ်ရေးလုံခြုံမှုမရှိခြင်းတို့ကြောင့် အမျိုးသမီးများနှင့် ကလေးငယ်များသည် လိင်ပိုင်းဆိုင်ရာ နှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုများ ကြုံတွေ့ခဲ့ကြရသည်။ ၂၀၂၀ ခုနှစ် နှစ်ကုန်ပိုင်းတွင် နိုင်ငံခြားရေးရာကို ကိုယ်စားပြုသည့် အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့ **(USAID)** မှ အစီရင်ခံသည့် ပြည်တွင်း အိုးအိမ်ထွက်ပြေးစွန့်ခွာရမှု ညွှန်းကိန်းဆိုင်ရာ ဒုတိယအစီရင်ခံစာအရ၊ မြန်မာနိုင်ငံတွင် ၂၀၂၀ ခုနှစ်အတွင်း ပဋိပက္ခနှင့် အကြမ်းဖက်မှုများကြောင့် လူဦးရေအသစ်ပေါင်း ၇၀,၀၀၀ ဦးတို့ အိုးအိမ်စွန့်ခွာခဲ့ရကြောင်းဆိုသည်။ ရေကြီးခြင်းနှင့် အပူပိုင်းဒေသမုန်တိုင်းများကြောင့် လူဦးရေအသစ်ပေါင်း ၅၀,၀၀၀ ဦး တို့ အိုးအိမ်စွန့်ခွာခဲ့ရသည်။ ၂၀၂၀ နှစ်ကုန်ပိုင်းတွင် မြန်မာနိုင်ငံအတွင်း ဒုက္ခသည်ပေါင်း ၅၀၅,၀၀၀ ဦးအထိရှိခဲ့သည်။ မြန်မာနိုင်ငံတွင် ပြည်တွင်း အိုးအိမ်ထွက်ပြေးစွန့်ခွာရမှုကို ရည်ညွှန်းဖြေရှင်းရန် သီးခြား သတ်မှတ်ထားသည့် မူဝါဒ မူဘောင်မရှိပေ။ ဒုက္ခသည် **(IDP)** များအား ပြန်လည်နေရာချထားရေးနှင့် **IDP** စခန်းများပိတ်သိမ်းရေးဆိုင်ရာ အမျိုးသား မဟာဗျူဟာအစီအစဉ်ကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သည်။ ၂၀၂၀ ခုနှစ်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးအစီအစဉ်အတွက် လျာထားဘတ်ဂျက်ငွေ ဒေါ်လာ ၂၁၆.၅ သန်း အနက် ၆၇ ရာခိုင်နှုန်းကို ရန်ပုံငွေချထားပေးခဲ့ပြီး၊ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ဆောင်ရွက်ရေးအတွက် လျာထားဘတ်ဂျက်ငွေ ဒေါ်လာ ၅၈.၈ သန်း အနက် ၆၉ ရာခိုင်နှုန်း အသီးသီးတို့ကို ရန်ပုံငွေချထားပေးခဲ့သည်။[12]

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့အထိ UNHCR မြန်မာနိုင်ငံအရေးပေါ် ထုတ်ပြန်ချက်အရ အာဏာသိမ်းစဉ်မှစပြီး မတည်ငြိမ်မှုများနှင့် ပဋိပက္ခများကြောင့် လူဦးရေစုစုပေါင်း ၄၅၃,၀၀၀ ဦးတို့ အိုးအိမ်စွန့်ခွာကြရကြောင်းဆိုသည်။ ကရင်နီပြည်နယ်တွင် ၉၁,၉၀၀ ဦး၊ ရှမ်းပြည်နယ် (တောင်ပိုင်း - ကြေးသီး၊ လဲခြား နှင့် မိုင်းကိုင်မှလွဲ၍ မြို့နယ်များအားလုံး) တွင် ၅၁,၈၀၀ ဦး၊ ကရင်ပြည်နယ်တွင် ၇၁,၈၀၀ ဦး၊ မွန်ပြည်နယ်တွင် ၇,၅၀၀ ဦး၊ တနင်္သာရီတိုင်းတွင် ၂,၆၀၀ ဦး နှင့် ပဲခူးတိုင်းတွင် ၈၀၀ ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် ၆,၉၀၀ ဦးတို့ဖြစ်သည်။ ထို့အပြင် စစ်ကိုင်းတိုင်းတွင် ဒုက္ခသည်ပေါင်း ၁၄၆,၅၀၀ ဦး၊ ချင်းပြည်နယ်တွင် ၃၄,၀၀၀ ဦး၊ နှင့် မကွေးတိုင်းတွင် ၂၁,၄၀၀ ဦးတို့ ရှိပြီး[13] ဒုက္ခသည်ပေါင်း ၈၀၀,၀၀၀ ကျော်ခဲ့သည်ဟု ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) က ဆိုသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ချင်းပြည်နယ်၊

[11] ကုလ အမျိုးသမီး အဖွဲ့နှင့် UNFPA၊ လူသားချင်းစာနာထောက်ထားမှု ဆောင်ရွက်ချက်အတွက် ဂျဲန်ဒါ ပရိုဖိုင်းများ : ရခိုင်၊ ကချင်၊ ရှမ်းမြောက်နှင့် ကရင်ပြည်နယ်များ၊ မြန်မာ၊ အတွဲ ၃၊ ၂၀၂၁ ခုနှစ် ဇွန်လတွင် ထုတ်ဝေသည်။

[12] USAID Internal Displacement Index Report 2021

[13] https://reliefweb.int/sites/reliefweb.int/files/resources/Myanmar%20Emergency%20Update%20-%2015%20February%202022.pdf

ကရင်နီပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် အိမ်ခြေ၊ ဘုရားရှိခိုးကျောင်း၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းနှင့် ဈေးပေါင်း ၃၅,၀၀ ကျော်တို့ မီးရှို့ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း ခံခဲ့ရသည်။[14]

၂၀၂၁ ခုနှစ် ဧပြီလ အစောပိုင်းတွင် စစ်ကိုင်းရှိ ကန်နီရွာတွင် စစ်တပ်နှင့် ဒေသခုခံတော်လှန်ရေးသမားများအကြား တိုက်ပွဲများဖြစ်ပွားခဲ့ပြီး၊ မေလတွင် ချင်းတွင်းမြစ်ဝှမ်းအထိ တိုက်ပွဲများပျံ့နှံ့ခဲ့သည်။ ကန်နီမြို့တွင် မေလအတွင်း တိုက်ပွဲများပြင်းထန်ခဲ့သည်။ မြန်မာစစ်တပ်သည် စစ်ပိုင်းတိုင်း၏ အနောက်မြောက်ပိုင်းရှိ ပလီ နှင့် မင်းကင်းမြို့နယ်များတွင် အိမ်ခြေပေါင်း ၁,၅၀၀ တို့ကို မီးရှို့ပြာချခဲ့ပြီး အစုလိုက်အပြုံလိုက် အိုးအိမ်ပျက်စီးစွန့်ခွာရမှုနှင့် ထိခိုက်သေဆုံးမှုများ ရှိစေခဲ့သည်။ ရွာများကို လေမှတစ်ဆင့် လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း သို့မဟုတ် ဗုံးကြဲခြင်းများပြုလုပ်ခဲ့သည်။၂၀၂၁ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် စစ်ကိုင်းတိုင်း၏ မြို့နယ် ၆ မြို့နယ်မှ လူပေါင်း ၇၆,၀၀၀ ကျော်တို့ အိုးအိမ်ပျက်စီးစွန့်ခွာလာကြရသည်။[15]

စက်တင်ဘာလ ၁၈ ရက်နေ့တွင် ချင်းပြည်နယ်ရှိ ထန်တလန်တွင် စစ်တပ်၏တိုက်ခိုက်မှုကြောင့် အဆောက်အဦအချို့ပျက်စီးခဲ့ပြီး ထောင်ပေါင်းများစွာသော ဒေသခံတို့ အသက်ဘေးအတွက် အိုးအိမ်မှထွက်ပြေးစွန့်ခွာခဲ့ကြရသည်။ အောက်တိုဘာလတွင်လည်း စစ်တပ်သည် မြို့အတွင်းရှိ အိမ်ခြေပေါင်း ၁၆၀ တို့ကို ထပ်မံဖျက်စီးခဲ့ပြီး စုစုပေါင်းတန်ဖိုး အမေရိကန် ဒေါ်လာ ၁၀-၁၅ သန်းခန့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်စေခဲ့သည်။[16] ချင်းပြည်နယ်ရှိ ကျေးလက်နေရွာသူရွာသားပေါင်း ၃၀,၀၀၀ ကျော်တို့ အိန္ဒိယနိုင်ငံသို့ ဒုက္ခသည်အဖြစ်ခိုလှုံကြရသည်။[17] မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းများရှိ မင်းတပ်မြို့နှင့် အနီးတစ်ဝိုက် မြို့နယ်များမှ လူပေါင်း ၁၆,၇၀၀ နီးပါးခန့်တို့ အိုးအိမ်စွန့်ခွာကြရသည်။[18]

ကရင်နီပြည်နယ်၊ ဖရူးဆိုးမြို့နယ်တွင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့၌ ပြည်တွင်း အိုးအိမ်စွန့်ခွာရသူ စစ်ရှောင်အနည်းဆုံး ၃၅ ဦးတို့ သတ်ဖြတ်ခံခဲ့ရပြီး ၎င်းတို့၏ အလောင်းများ မီးရှို့ခံခဲ့ရသည်။[19] ထိခိုက်သေဆုံးခဲ့သူများတွင် အမျိုးသမီးများ၊ ကလေးသူငယ်နှင့် Save The Children အဖွဲ့မှ ဝန်ထမ်းနှစ်ဦးတို့ပါဝင်ခဲ့သည်။ မြန်မာစစ်တပ်သည် ဒီးမော့ဆို၊ ရှားဒေါ၊ မိုးဗြဲ၊ ဖယ်ခုံ၊ နှင့် လွိုင်ကော်မြို့နယ်တို့တွင် လေကြောင်းမှတစ်ဆင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ အစားအစာများ၊ စခန်းများ၊ ဆေးဝါးပစ္စည်းများစသည်တို့ကို စစ်တပ်မှ ရပ်တန့်စစ်ဆေးပြီး၊တစ်ခါတစ်ရံတွင် ဖြတ်သန်းသယ်ယူခွင့်မပေးပါ။ ဇန်နဝါရီလတွင် လေကြောင်းမှပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် လူပေါင်း ၂၀,၂၀၀ ဦးတို့ကို ထွက်ပြေးစွန့်ခွာစေခဲ့ပြီး စစ်ရှောင်ဒုက္ခသည်များလည်း ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ဒီးမော့ဆိုမြို့နယ်ရှိ နမ့်မယ်ခုံမှ လူပေါင်း ၂၀,၀၀၀ တို့လည်း ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။[20] ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် Fortify Rights အဖွဲ့၏ ထုတ်ပြန်ချက်အတွင်း စစ်တပ်မှ ကရင်နီပြည်နယ် အရှေ့တောင်ပိုင်းတွင် ပြည်သူ ၆၁ ဦးတို့ကို သတ်ဖြတ်ခဲ့

14 https://www.globalr2p.org/publications/atrocity-alert-no-288/
15 https://www.unicef.org/media/108346/file/Myanmar-Humanitarian-SitRep-28-September-2021.pdf
16 https://www.thechindwin.com/thantlang-the-hardest-hit-town-in-myanmar-after-the-military-coup-in-february/

17 https://www.globalr2p.org/publications/atrocity-alert-no-285/
18 https://www.unicef.org/media/108346/file/Myanmar-Humanitarian-SitRep-28-September-2021.pdf
19 https://www.smh.com.au/world/asia/dozens-killed-bodies-burnt-in-myanmar-s-kayah-state-20211226-p59k5p.html

20 https://www.internal-displacement.org/countries/myanmar

ပြီး အခြားသူများအား လူသားဒိုင်းများအဖြစ်အသုံးပြုခဲ့သည့် စစ်ရာဇဝတ်မှုကျူးလွန်မှု သက်သေ အထောက်အထားများကို တင်ပြပေးခဲ့သည်။[21]

## ၁.၃ လေ့လာဆန်းစစ်ချက်၏ နောက်ခံအကြောင်းအရာ

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံခဲ့ရသည့် လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့ဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) ၏ ထောက်ခံမှုဖြင့် မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအဖြစ်ရပ်တည်သည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အောက်တွင် အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့သည်။[22] ဝန်ကြီးဌာန၏ တာဝန်ရပ်များဖော်ပြချက်အရ ၎င်းသည် အမျိုးသမီးများ၊ လူငယ်နှင့် ကလေးသူငယ်တို့၏ အခွင့်အရေးများကို အကာအကွယ်ပေးရန်ရည်ရွယ်ပြီး၊ ၎င်းအုပ်စုတို့၏ လိုအပ်ချက်များနှင့် ပြဿနာရပ်များအတွက် ရည်ညွှန်းဖြေရှင်းမည့် တိကျသည့် မူဝါဒများ ဖော်ဆောင်ရန်ရည်ရွယ်သည်။ ရေရှည်မျှော်မှန်းချက်မှာမူ ဝန်ကြီးဌာနသည် ပြည်သူလူထုမှဦးဆောင်သည့်၊ ဘက်စုံ ဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စု ဖယ်ဒရယ်မြန်မာနိုင်ငံတော်အတွင်း အမျိုးသမီးများ၊ လူငယ်များနှင့် ကလေးသူငယ်များအနေဖြင့် အခွင့်အလမ်းများတန်းတူညီမျှစွာရရှိပြီး၊ သာယာဝပြောသော၊ လုံခြုံသော ဘဝများဖြစ်ပေါ်ရေးကို ရည်ရွယ်သည်။ ယင်း တာဝန်ရပ်များနှင့် မျှော်မှန်းချက်များကို အကောင်အထည်ဖော်ရန်အတွက် ဝန်ကြီးဌာနသည် အောက်ပါ ဦးတည်ချက် ၃ ရပ်တို့ကို ချမှတ်ထားသည် -

၁။ အသွင်ကူးပြောင်းရေးကာလအတွင်း အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်များ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို အကာအကွယ်ပေးနိုင်ရန်နှင့်၊ အခွင့်အရေးအပြည့်အဝရရှိစေနိုင်ရန်။

၂။ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်များ၏ လုံခြုံရေးနှင့် ရှင်သန်ရပ်တည်ရေးတို့အတွက် ထောက်ပံ့ပေးရန်။

၃။ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်များ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး အစရှိသည့် အခန်းကဏ္ဍများတွင် စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကဏ္ဍအသီးသီးတွင်ပါဝင်နိုင်ရန်။

ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွင် ဂျဲန်ဒါ ဆောင်ရွက်မှုအဖွဲ့ (Gender Action for Peace and Security) က ၂၀၂၁ ခုနစ်တွင် ထုတ်ပြန်ခဲ့သည့် ၎င်းတို့၏ အစီရင်ခံစာအတွင်း - လုပ်ငန်းခွင်အတွင်း အမျိုးသမီးများ၏ ထိရှလွယ်မှု၊ လိင်ပိုင်းနှင့် အိမ်တွင်းအကြမ်းဖက်မှုများ၊ လက်နက်ကိုင်ပဋိပက္ခများအတွင်း စိတ်ပိုင်းဆိုင်ရာ စိတ်ဒဏ်ရာများရရှိခြင်း၊ လူကုန်ကူးခြင်း၊ ကလေးသို့မဟုတ် သက်ငယ် အဓမ္မ ထိမ်းမြားလက်ထပ်စေခြင်း၊ နှင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်အန္တရာယ်ရှိမှုများ စသည်တို့ကို မီးမောင်းထိုးပြခဲ့သည်။ ယင်းအစီရင်ခံစာတွင် ကိုဗစ်-၁၉ ရောဂါနှင့် လက်နက်ကိုင် ပဋိပက္ခများကြောင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ ဒုက္ခအမျိုးမျိုး နှစ်ဆတိုးခံစားရမှုများအကြောင်းကို တင်ပြထားသည်။ မကြာမီအနာဂတ်ကာလတွင် အခြေအနေများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုများ၏

[21] https://www.trtworld.com/magazine/burned-alive-myanmar-military-committed-war-crimes-report-says-54757#:~:text=Fortify%20Rights%20says%20military%20massacred%20civilians%20and%20used,amount%20to%20war%20crimes%2C%20according%20to%20a%20report.
[22] https://gov.nugmyanmar.org/

ထိခိုက်သက်ရောက်မှုများ၊ အာဏာသိမ်းပြီးနှောင်းပိုင်း စစ်တပ်၏ဖိနှိပ်မှုများ နှင့် လက်နက်ကိုင်တိုက်ပွဲများကြောင့် အကန့်သတ်ခံ အုပ်စုများအတွက် ပိုမိုဆိုးရွားလာနိုင်ကြောင်းခန့်မှန်းထားသည်။ စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံရေးအ ကြပ်အတည်းအပြင်၊ ကိုဗစ်-၁၉ ရောဂါ၏ လူမှုရေးနှင့် စီးပွားရေး ထိခိုက်ရိုက်ခတ်မှုများကြောင့် နိုင်ငံ၏ လူထု ထက်ဝက် (ခန့်မှန်းခြေ ၂၅ သန်း) တို့သည် ၂၀၂၂ အစောပိုင်းတွင် ဆင်းရဲမွဲတေမှုနှင့် ရင်ဆိုင်ကြုံတွေ့ရနိုင် ကြောင်း ကမ္ဘာ့ကု လသမဂ္ဂက ခန့်မှန်းထားပြီး၊ ၎င်း လူထုတို့အနက် အမျိုးသမီးများနှင့် ကလေးသူငယ်များသည် စီးပွားရေး ထိခိုက်ပျက်စီးမှုခံရရန် ထိရှမှုအလွယ်ဆုံးဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံရေးနှင့် စီးပွားရေး အကြပ်အတည်း ကာလများအတွင်း စစ်ရှောင်အမျိုးသမီးနှင့် ကလေးသူငယ်များ၏ လက်ရှိအခြေနေရပ်များအကြောင်း ပိုမိုကောင်း မွန်စွာ နားလည်သဘောပေါက်ရန်နှင့်၊ ၎င်းတို့၏ လိုအပ်ချက်များနှင့် မျှော်မှန်းချက်များအပေါ်တွင်အခြေခံ၍ ထိ ရောက်သည့် ကြားဝင်ဆောင်ရွက်ချက်များ လုပ်ဆောင်နိုင်ရန်တို့အတွက် လေ့လာဆန်းစစ်ချက် (Rapid assessment) ကို လုပ်ဆောင်ရန် လိုအပ်ပါသည်။

## ၁.၄ လေ့လာဆန်းစစ်ချက်၏ ရည်ရွယ်ချက်

ဝန်ကြီးဌာန၏ ရည်ရွယ်ချက်များနှင့်အညီ ဤလေ့လာဆန်းစစ်ချက်သည် အမျိုးသမီးများနှင့် ကလေးသူငယ်များအ တွက်လိုအပ်သော ကြားဝင်ဆောင်ရွက်ချက်များ ထပ်ဆင့်ဆောင်ရွက်ရန် ဝန်ကြီးဌာန၏ လုပ်ငန်းများအနက် တစ်ခု အဖြစ် စစ်ရှောင်အမျိုးသမီးများနှင့် ကလေးသူငယ် များ၏ အရေးပေါ်လိုအပ်ချက်များနှင့် လိုအပ်သည့် ကြားဝင် ဆောင်ရွက်မှုများအပေါ် လေ့လာဆန်းစစ်ချက်တစ်ရပ် ထုတ်လုပ်ပေးရန် ရည်ရွယ်သည်။

အဓိကအားဖြင့် ဤလေ့လာချက်ကို ရည်ရွယ်ချက် နှစ်ရပ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်-

၁။ စစ်ရှောင် အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် ထိရောက်သည့်၊ အကျိုးဖြစ်ထွန်းသည့် အ ရေးယူဆောင်ရွက်ချက်များ ပြုလုပ်ပေးနိုင်ရန် ၎င်းတို့၏ လက်ရှိ အတွေ့အကြုံများနှင့် ၎င်းတို့၏ အရေးပေါ် လိုအပ်ချက်များကို စိစစ်သတ်မှတ်ရန်။

၂။ လေ့လာချက်မှဦးတည်သည့် အုပ်စုများ (အမျိုးသမီးများနှင့် ကလေးသူငယ်များ) ၏ စီးပွားရေး၊ လူမှုရေး နှင့် နိုင်ငံရေး မျှော်မှန်းချက်များကို စူးစမ်းရှာဖွေရန် - တွေ့ရှိချက်များကို ပြန်လည်ပြုစုပျိုးထောင်ရေးနှင့် ပြန် လည်နေရာချထားရေး အဆင့်တွင် မူဝါဒဖော်ဆောင်ရေးများအတွက် ထည့်သွင်းစဉ်းစားသွားရန် မျှော်မှန်း သည်။

# ၂။ နည်းနိဿယ

## ၂.၁ ဒေတာ ကောက်ယူခြင်း နည်းလမ်းများ

လေ့လာချက်အတွက် မေးခွန်းများကို မြန်မာဘာသာဖြင့် ဖော်ဆောင်ခဲ့ပါသည်။ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန၏ ထောက်ပံ့မှုဖြင့် သုတေသနအဖွဲ့သည် သုတေသန နေရာများဖြစ်သည့် ချင်းပြည်နယ်မှ ကန်ပက်လက်နှင့် မင်းတပ်မြို့ စစ်ကိုင်းတိုင်းမှ ဒီပဲယင်း နှင့် ယင်းမာပင်၊ ကရင်နီပြည်နယ်မှ ဒီးမော့ဆို့ နှင့် ရှားတော၊ စသည်တို့မှ ဒေသခံဘာသာစကားကိုပြောဆိုနိုင်သူများပါဝင်သည့် ဒေတာကောက်ယူသူများကို စုဆောင်းခဲ့သည်။ မေးခွန်းများကိုအသုံးပြုရန်လမ်းညွှန်၊ သုတေသန ကျင့်ဝတ်များ၊ အဓိက ဂျဲန်ဒါ သဘောတရားများနှင့် ဒေတာလုံခြုံရေးစသည့်ခေါင်းစဉ်များပါဝင်သည့်၊ လေလှိုင်းမှတစ်ဆင့် ရုပ်/သံဖြင့် ပေးသည့် ၃ ရက်တာ (Virtual) သင်တန်းကို သုတေသန အဖွဲ့က ဒေတာကောက်ယူသူများအတွက် ပေးခဲ့သည်။ ဒေတာကောက်ယူသည့် လုပ်ငန်းစဉ်အတွင်း ကရင်နီဒေသတွင် ပြင်းထန်သည့် လက်နက်ကိုင်တိုက်ပွဲများ နှင့် အင်တာနက်ဖြတ်တောက်မှုများကြောင့် ပထမ သင်တန်းကို ကရင် နီဒေသမှ ဒေတာကောက်ယူသူများအားလုံးက မတက်ရောက်နိုင်ခဲ့ပါ။ တယ်လီဖုန်းမှတစ်ဆင့် ပေးသည့်သင်တန်းကို မတက်ရောက်နိုင်ခဲ့သူများအတွက် သင်တန်းရရှိထားသည့် ဒေတာကောက်ယူသူများက လမ်းညွှန်ချက်များနှင့် ဆင့်ပွားသင်တန်းများကို တစ်ဆင့်ပြန်ပေးခဲ့သည်။

အင်တာဗျူးများမေးမြန်းမီတွင် အလားအလာရှိသည့် ဖြေဆိုသူများကို ဒေတာကောက်ယူသူများက ဦးစွာဆက်သွယ်ခဲ့ပြီး အဓိကမေးခွန်းများအကြောင်းနှင့် ဒေတာအသုံးပြုမည့်အကြောင်းများကို ရှင်းလင်းအသိပေးခဲ့သည်။ ဖြေဆိုသူအားလုံးအနေဖြင့် ၎င်းတို့၏ နောက်ခံအကြောင်းအရာများ၊ တည်နေရာများကို ဖြေကြားပေးရန်လိုအပ်သည်ဖြစ်ရာ အင်တာဗျူးမေးမြန်းခြင်း၏ မိတ်ဆက်အပိုင်းတွင် ၎င်းတို့ထံမှ သဘောတူညီမှုကိုတောင်းခံခဲ့သည်။ သဘောတူညီမှု မပေးပါက ဖြေဆိုသူများနှင့် အင်တာဗျူးမေးမြန်းသည့်ဆက်ရှင်များမလုပ်ဆောင်ခဲ့ပါ။ ဒေတာအချက်အလက်များ ကောက်ယူရန်အတွက် အတွင်းကျကျအင်တာဗျူးမေးမြန်းခြင်း (In-depth Interviews – IDI)၊ အဓိက သတင်းအချက်အလက်ပေးသူများနှင့် အင်တာဗျူးမေးမြန်းခြင်း (Key Informant Interviews – KII) စသည့်နည်းလမ်းများကို အသုံးပြုခဲ့သည်။ လေ့လာချက်ပြုလုပ်ခဲ့သည့် နေရာများတွင် လက်ရှိ နိုင်ငံရေးအခြေအနေနှင့် လုံခြုံရေး စိုးရိမ်ရမှုများကြောင့် အင်တာဗျူးများအားလုံးကို ကန်ပက်လက်၊ မင်းတပ်၊ ဒီပဲယင်း၊ ယင်းမာပင်၊ ဒီးမော့ဆို နှင့် ရှားတော စသည်တို့မှ အထိခိုက်ခံလူထုများ၊ စခန်းခေါင်းဆောင်များ၊ စခန်းခိုလူထု၏ ကိုယ်စားလှယ်များ၊ စခန်း စေတနာ့ဝန်ထမ်းများနှင့် ဒေသခံလူထုဝင်များဖြစ်သည့် ဖြေဆိုသူများနှင့် လေလှိုင်းပေါ်မှတစ်ဆင့် ပြုလုပ်ခဲ့သည်။

အင်တာဗျူးဖြေဆိုသူများအတွက် စံသတ်မှတ်ချက်များကို အောက်ပါအတိုင်းချမှတ်ခဲ့သည် -

- အသက် ၃၅ နှစ်အထက်နှင့် ၃၅ နှစ်အောက်တို့မှ အမျိုးသားနှင့် အမျိုးသမီး လူထုကိုယ်စားလှယ် ၅၀% တို့ကို ရွေးချယ်ရန်

- ဖြေဆိုသူများတွင် လူငယ် ၃၀% တို့ပါဝင်ရန်

- KII များတွင် စခန်းခေါင်းဆောင်များ၊ စေတနာ့ဝန်ထမ်းများ သို့မဟုတ် လူမှုရေးလုပ်သားများနှင့် ဒေသခံလူထုများ၏ ခေါင်းဆောင်များ ပါဝင်ရန်။

ချင်းပြည်နယ်တွင် မင်းတင်၌ အင်တာဗျူး ၁၅ ခုနှင့် ကန်ပက်လက်တွင် ၁၆ ခု၊ စစ်ကိုင်းတိုင်းတွင် ဒီပဲယင်း၌ ၁၆ ခု နှင့် ယင်းမာပင်တွင် ၁၅ ခု၊ ကရင်နီပြည်နယ်တွင် ဒီးမော့ဆိုနှင့် ရှားတောတို့၌ ၃၃ ခု - စုစုပေါင်း အင်တာဗျူး ၉၅ ခုတို့ကို မေးမြန်းခဲ့သည်။

### *၂.၁.၁ အတွင်းကျကျအင်တာဗျူးမေးမြန်းခြင်း (IDI)*

IDI အတွက် အသက်အရွယ်အုပ်စု၊ လိင် နှင့် အိုးအိမ်စွန့်ခွာရမှု စံသတ်မှတ်ချက်များအလိုက် စုစုပေါင်း ဖြေဆိုသူ ၆၂ ဦးတို့ကို ရွေးချယ်ခဲ့သည်။ အင်တာဗျူးများကို လေ့လာဆန်းစစ်ချက်အကြောင်း မိတ်ဆက်ခြင်း၊ ရည်ရွယ်ချက်အကြောင်းရှင်းပြခြင်းတို့ဖြင့် စတင်ခဲ့ပြီး ဖြေဆိုသူများထံမှ နှုတ်ဖြင့်သဘောတူညီချက်ပေးရန် တောင်းခံခဲ့သည်။ IDI အတွက် အင်တာဗျူးများသည် အချိန် မိနစ် ၅၀ မှ ၆၀ အကြား ကြာမြင့်ခဲ့သည်။

### *၂.၁.၂ အဓိက သတင်းပေးသူများနှင့် အင်တာဗျူးမေးမြန်းခြင်း (KII)*

IDD များမှပေးသည့် သတင်းအချက်အလက်များကို အတည်ပြုနိုင်ရန်အတွက် အိုးအိမ်စွန့်ခွာလာရသည့် လူထုများနှင့် စေ့စပ်လုပ်ဆောင်နေပြီး၊ လေ့လာချက်ပြုလုပ်သည့်ဒေသများမှ အိုးအိမ်စွန့် ခွာရသည့် လူထုများ၏ လက်တွေ့အခြေအနေမှန်များကို မျက်မြင်တွေ့ရှိ၊ သိရှိထားသည့် အဓိက သတင်းအချက် အလက်ပေးသူများဖြင့် KII အင်တာဗျူး စုစုပေါင်း ၃၃ ခုတို့ကို ပြုလုပ်ခဲ့သည်။ KII အင်တာဗျူးများသည် မိုဘိုင်းဖုန်း ချိတ်ဆက်မှု၊ အင်တာနက် ချိတ်ဆက်မှု၊ နှင့် အင်တာဗျူးဆက်ရှင်များအတွင်း စူးစမ်းလေ့လာခဲ့သည့် ဖြေဆိုသူများ၏ အတွေ့အကြုံများနှင့် ဗဟုသုတများအပေါ်မူတည်ပြီး အချိန် မိနစ် ၆၀ မှ ၉၀ အထိကြာမြင့်ခဲ့သည်။

## ၂.၂ ဒေတာခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်နှင့် အစီရင်ခံခြင်း

အရည်အသွေးအခြေပြုဒေတာတို့ကို ကုဒ်စနစ်ဖြင့် မှတ်တမ်းတင်ခဲ့ပြီး၊ သတင်းအချက်အလက်များကို အကြောင်းအရာအလိုက် သုံးသပ်သည့် (thematic matrix) နည်းလမ်းဖြင့် သုံးသပ်ခဲ့သည်။ သတင်းအချက်အလက်များသည် အမျိုးသမီးများ၏ ပြဿနာများအပေါ် အသားပေးသည့် အခြေခံလိုအပ်ချက်များနှင့် လိုအပ်သည့် တုံ့ပြန်ဆောင်ရွက်ပေးမှုများစသည့် အိုးအိမ်စွန့်ခွာရသူများ၏အတွေ့အကြုံများနှင့်၊ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူများအတွက် အသားပေးသည့် ပဋိပက္ခနှောင်းပိုင်း အခြေအနေရပ်များအတွက် မဟာဗျူဟာကျကျ တုံ့ပြန်ဆောင်ရွက်ပေးမှုများစသည်တို့အကြောင်း မီးမောင်းထိုးပြခဲ့သည်။ အစီရင်ခံစာကို သဘောထားမှတ်ချက်များပေးနိုင်ရန်နှင့် ပိုမိုကောင်းမွန်အောင် ပြင်ဆင်နိုင်ရန်အတွက် အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီး ဌာနနှင့် သုတေသနအဖွဲ့တို့ထံသို့တင်ပြခဲ့သည်။

*ဖြေဆိုသူများ၏ အခြေခံပုဂ္ဂိုလ်ရေးရာအချက်အလက်များ*

| သုတေသနနေရာများ | KII | | IDI | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | အမျိုးသား | အမျိုးသမီး | အမျိုးသား | အမျိုးသမီး | **အမျိုးသား** | **အမျိုးသမီး** |
| **ချင်း - မင်းတပ်နှင့် ကန်ပက်လက်** | ၅ | ၆ | ၁၁ | ၉ | **၁၆** | **၁၅** |
| **ကရင်နီ - ဒီးမော့ဆို နှင့် ရှားတော** | ၄ | ၆ | ၁၀ | ၁၃ | **၁၄** | **၁၉** |
| **စစ်ပိုင်း - ဒီပဲယင်းနှင့် ယင်းမာပင်** | ၉ | ၃ | ၄ | ၁၅ | **၁၃** | **၁၈** |
| **စုစုပေါင်း** | **၁၈** | **၁၅** | **၂၅** | **၃၇** | | |

*ဖြေဆိုသူများ၏ လိင် :* စုစုပေါင်း အမျိုးသမီး ၅၅% နှင့် အမျိုးသား ၄၅% တို့က *KII* နှင့် *IDI* နှစ်ခုစလုံးတို့တွင် ပါဝင်ဖြေဆိုခဲ့ပြီး၊ ၆၁% တို့မှာ စခန်းများမှဖြစ်ကာ ၃၉% တို့မှာ သက်ဆိုင်ရာ ဒေသခံလူထုများနှင့် ကျေးရွာများမှဖြစ်သည်။

*ဖြေဆိုသူများ၏ အသက်အရွယ်အုပ်စု :* ဖြေဆိုသူများထံမှ အသက်အရွယ်အုပ်စု ၃ ခု ဖြစ်သည့် ၁၈ မှ ၃၅၊ ၃၆ မှ ၅၀ နှင့် ၅၀ နှစ်နှင့်အထက် တို့အဖြစ် သတ်မှတ်နိုင်သည်။ ၆၄% တို့မှ ၁၈ နှစ်မှ ၃၅ နှစ်အကြား၊ ၂၆% တို့မှာ ၃၅ နှစ်မှ ၅၀ နှစ်အကြားနှင့် ၁၀% တို့မှာ ၅၀ နှစ်အထက်တို့ အသီးသီးပါဝင်ခဲ့သည်။

*အလုပ်အကိုင်နှင့် အသက်မွေးမှု :* အင်တာဗျူးများတွင်ပါဝင်ခဲ့သည့် အမျိုးမျိုးသော ပါဝင်ဖြေဆိုသူများကို *CDM* ဝင်ထားသည့် ပြည်သူ့အစိုးရဝန်ထမ်းများ၊ တောင်သူလယ်သမားများ၊ အထွေထွေအလုပ်သမားများနှင့် ကျောင်းသူကျောင်းသားများအဖြစ် သတ်မှတ်နိုင်သည်။

## ၂.၃ အကန့်အသတ်များ

ဤလေ့လာချက်သည် အဓိက အကန့်အသတ် ၄ ရပ် ရှိသည်။

*နည်းနိသယဆိုင်ရာ အကန့်အသတ် :* ဤ အရည်အသွေးအခြေပြုလေ့လာချက်တွင်ပါဝင်ခဲ့သည့် ဖြေဆိုသူ ၉၅ ဦးတို့မှ တွေ့ရှိချက်များသည် ရွေးချယ်ထားသည့် နယ်မြေဒေသအတွင်းရှိ စစ်ရှောင်များအားလုံးကို ကိုယ်စားမပြုပါ။ လေ့လာချက်ပြုလုပ်သည့် ဒေသများတွင် အင်တာနက်ချိတ်ဆက်မှု နှေးကွေးခြင်း နှင့် အင်တာနက်ဖြတ်တောက်ခံရခြင်းတို့ကြောင့် ဒေတာကောက်ယူသူများ၏ အသံဖိုင်စာပြောင်းလဲရေးသားမှုများအပေါ် သဘောထားမှတ်ချက်ပေးရန်နှင့် ဒေတာကောက်ယူသည့်အခြေအနေ တိုးတက်မှုများအကြောင်းဆွေးနွေးရန်တို့အတွက် ၎င်းတို့နှင့်ဆက်သွယ်ရန် ခက်ခဲခဲ့သည်။ အင်တာဗျူးများကို လေလှိုင်းမှတစ်ဆင့်လုပ်ဆောင်ခဲ့သည်ဖြစ်ရာ ဒေတာကောက်ယူသူများသည်

ဖြေဆိုသူများ၏ အပြုအမူနှင့် အင်တာဗျူးတစ်ခုလုံးကို ခြုံငုံ၍ လုံလောက်သော လေ့လာကြည့်ရှုသုံးသပ်မှုများကို မလုပ်ဆောင်နိုင်ခဲ့ပါ။

*ဆက်သွယ်ရေး အကန့်အသတ်များ* : လေ့လာချက်ပြုလုပ်သည့် နေရာဒေသများတွင် လက်နက်ကိုင်ပဋိပက္ခများ ပြင်းထန်စွာဖြစ်ပွားနေခဲ့သည်ဖြစ်ရာ ဒေတာကောက်ယူသူများသည် လေ့လာချက်ပြုလုပ်စဉ်တစ်လျှောက်လုံး မိုဘိုင်းချိတ်ဆက်မှု ပြတ်တောက်ခြင်းနှင့် မိုဘိုင်းကွန်ယက် နှောင့်ယှက်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။

*ဘာသာစကား အခက်အခဲများ* : ချင်းပြည်နယ်တွင် အမျိုးမျိုးသော ဘာသာစကားများနှင့် ပြောဆိုပုံလေသံများ မတူကွဲပြားစွာရှိသည်။ ဒေတာကောက်ယူသူများသည် ၎င်းတို့နှင့် တူညီသည့် ဘာသာစကားပြောသည့် ဖြေဆိုသူများကို ရွေး ချယ်ထားသည့် စခန်းများနှင့် ဒေသခံလူထုများထံမှ ရှာဖွေခဲ့ကြရသည်။ ဒေတာကောက်ယူသူများသည် ဗမာစကား ပြောတတ်ကြသော်လည်း ၎င်းတို့အနေဖြင့် အင်တာဗျူးဖြေကြားချက်များကို မြန်မာဘာသာသို့ ပြန်ဆို ရေးသားရသည့်အခါတွင် အခက်အခဲရှိခဲ့သည်။

*စခန်း အခင်းအကျင်းပုံစံ* : လေ့လာချက်သည် စခန်းနေလူထုများထံမှ ဒေတာအချက်အလက်များကို ကောက်ယူရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သော်လည်း စခန်းများသည် ရွှေ့လျားစခန်းများဖြစ်ကာ၊ မြန်မာစစ်တပ် (တပ်မတော်) သည် စခန်းများအနီးတွင် စုဖွဲ့စီတန်းမှုများရှိနေခဲ့သဖြင့် ဘေးကင်းရေးနှင့် လုံခြုံရေးစိုးရိမ်ရမှုများကြောင့် လူအများသည် စခန်းတစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့ခဲ့ကြရသည်။ ဖြေဆိုသူများသည် တူညီသော စခန်းများမှသာ မဟုတ်ခဲ့ပဲ၊ အမျိုးမျိုးသော စခန်းများမှဖြစ်ခဲ့ကာ၊ ယင်းဖြေဆိုသူများတွင် ဒေသခံလူထုများရှိရာသို့ အိုးအိမ်စွန့်ခွာခဲ့ရသူများ ပါဝင်ခဲ့သည်။

# ၃။ တွေ့ရှိချက်များနှင့် စိတ်ဖြာသုံးသပ်မှု

## စိတ်ဖြာသုံးသပ်မှု၏ ခြုံငုံဖော်ပြချက်

ဤလေ့လာချက်ကို ချင်းပြည်နယ် (ကန်ပက်လက်နှင့် မင်းတပ် မြို့နယ်)၊ စစ်ကိုင်းတိုင်း (ဒီပဲယင်းနှင့် ယင်းမာပင် မြို့နယ်) နှင့် ကရင်နီပြည်နယ် (ဒီးမော့ဆို နှင့် ရှားတောမြို့နယ်) များမှ ပြည်တွင်းအိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရသူ စစ်ရှောင် (IDP) များဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး၊ IDP ဖြေဆိုသူများနှင့် အဓိကသတင်းအချက်အလက်ပေးသူများ၏ အတွေ့အကြုံများ၊ အရေးပေါ်လိုအပ်ချက်များနှင့် လက်ငင်းတုံ့ပြန်ဆောင်ရွက်ပေးရန် လိုအပ်မှုများအကြောင်း အင်တာဗျူးမေးမြန်းခဲ့ခြင်းဖြစ်သည်။

လေ့လာမှုပြုလုပ်ခဲ့သည့် နေရာဒေသ ၆ ခုတို့မှ IDP များသည် IDP စခန်းများတွင် အခချိန် အနည်းဆုံး ၃ လ မှသည် အများဆုံး ၆ လအထိ ခိုလှုံခဲ့ကြသူများဖြစ်သည်။ မင်းတပ်နှင့် ကန်ပက်လက်ရှိ စခန်းများရှိ လူထုများသည် ခန့်မှန်းခြေ အနည်း ဆုံး ၂၀၀ ဦးမှသည် အများဆုံး ၁,၅၀၀ ဦးအထိရှိခဲ့သည်။ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့အင်အားစု (PDF) များနှင့် စစ်တပ်အကြား ထိုးစစ်ဆင်မှုများနှင့် တိုက်ပွဲများရှိသဖြင့် မင်းတပ်နှင့် ကန်ပက်လက်ရှိ စခန်းများသည် စနစ်တကျ အခြေချရန်ခက်ခဲခဲ့ပြီး၊ ထပ်ဆင့် တိမ်းရှောင်ထွက်ပြေးရမှုများရှိခဲ့သည်။ ဒီးမော့ဆို နှင့် ရှားတောရှိ စခန်းတစ်ခုတွင် ပျှမ်းမျှလူဦးရေသည် အနည်းဆုံး ၇၈ ဦးမှ အများဆုံး ၁၀၀ ဦးအထိရှိခဲ့သည်။ ဒီပဲယင်းနှင့် ယင်းမာပင်တို့ရှိ စခန်းများမှာမူ စံပုံစံဟူ၍မရှိခဲ့ပေ။ လူအများသည် တောတောင်များထဲတွင်နှင့် လယ်ကွင်းများတွင် ယာယီအမိုးအကာများဆောက်လုပ်ပြီး စခန်းချကြရသည်။ လူအချို့တို့မှာ အခြားရွာများတွင် ဒုက္ခသည်အဖြစ် စစ်ရှောင်ကြသည်ကိုလည်း တွေ့ရှိခဲ့ရသည်။

လေ့လာမှုပြုလုပ်ခဲ့သည့် ဒေသအတွင်း IDP များ၏ အဖြစ်အပျက်အကြောင်းရင်းများတွင် မတူကွဲပြားမှုများရှိခဲ့သည်။ ကန်ပက်လက်၊ မင်းတပ် နှင့် ဒီးမော့ဆို နှင့် ရှားတောတို့ရှိ IDP စခန်းများတွင် ဒုက္ခသည်ခံယူရသည့်အကြောင်းရင်းမှာ စစ်တပ်နှင့် ဒေသခံကာကွယ်ရေးအင်အားစုများအကြား တိုက်ပွဲများ၊ စစ်တပ်မှ လက်နက်များပစ်ခတ်မှုကြောင့်ရှိသည့် ပေါက်ကွဲမှုများ၊ လေကြောင်းဖြင့် ကျေးရွာများကို ပစ်ခတ်တိုက်ခိုက်မှုများနှင့်၊ ကျေးရွာများအနီးတွင် စစ်တပ်၏ တပ်ဖွဲ့များမှ ခြေကုပ်တပ်စွဲထားမှုများစသည်တို့ကြောင့် ဖြစ်သည်။ ထို့အပြင် လူအချို့တို့မှာ ၎င်းတို့ဘေးကင်းသည်ဟုယူဆသည့် နေရာဒေသများသို့လည်း ထွက်ပြေးတိမ်းရှောင်ကြပြီး၊ အချို့တို့မှာ ကျေးရွာများအတွင်းတွင် ဆက်လက်ပုန်းအောင်းနေကြဆဲဖြစ်သည်ကိုလည်း တွေ့ရှိရသည်။ ဒီပဲယင်းနှင့် ယင်းမာပင်တို့ရှိ IDP များ ဒုက္ခသည်ဖြစ်ရသည့်အကြောင်းရင်းမှာ စစ်တပ်မှ ယင်းရွာများကို စီးနင်းဝင်ရောက်ခြင်း၊ အိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ရွာသားများအား ဒေသခံကာကွယ်ရေးအင်အားစုများ၏ အဖွဲ့ဝင်ဖြစ်သည်ဟု ယူဆချက်ဖြင့် မတရားဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်းတို့ကြောင့် ဖြစ်သည်။

ဖြေဆိုသူများ၏ ပြောကြားချက်ရ ကန်ပက်လက်နှင့် မင်းတပ်တို့တွင် အိုးအိမ်စွန့်ခွာရမှုများသည် ၂၀၂၁ ခုနှစ် ဇွန်လတွင် စတင်ခဲ့ခြင်းဖြစ်သည်။ ဒီးမော့ဆို နှင့် ရှားတောရှိ ဖြေဆိုသူအများစုတို့မှာ IDP စခန်းများတွင် ၂၀၂၁ ခုနှစ် ဇွန်လ

နှင့် ဇူလိုင်လတို့မှ စတင်၍ ခိုလှုံခဲ့ကြခြင်းဖြစ်သည်။ ယင်းမာပင်နှင့် ဒီပဲယင်းတို့တွင် အစောဆုံး အိုးအိမ်စွန့်ခွာရမှုမှာ ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် IDP ဒုက္ခသည်အရေအတွက်များ သိသာစွာ တိုးများလာသည်။ လေ့လာချက်ပြုလုပ်သည့် ဒေသများအားလုံးတို့တွင် တူညီသည့်အချက်မှာ စစ်တပ်အာဏာမသိမ်းခင်တွင် မည်သည့် လက်နက်ကိုင် ပဋိပက္ခမျှ ဖြစ်ပွားခဲ့မှု မရှိခြင်းဖြစ်သည်။

လေ့လာချက်ပြုလုပ်ခဲ့သည့် ဒေသများရှိ ဖြေဆိုသူများအားလုံးနီးပါးတို့သည် စားနပ်ရိက္ခာနှင့် ဆေးဝါးပစ္စည်းများ အရေးပေါ်လိုအပ်လျက်ရှိသည်။ လက်ငင်းတုံ့ပြန်မှုနှင့်ပတ်သက်သည့် မေးခွန်းနှင့်စပ်လျဉ်း၍မူ ဒီပဲယင်းမှဖြေဆိုသူများက ၎င်းတို့အနေဖြင့် လက်နက်ကိုင်ပဋိပက္ခနှင့်ဝေး ထွက်ပြေးရှောင်တိမ်းရခြင်းနှင့်ပါ အတွေ့အကြုံမရှိကြောင်း ဆိုသည်။ ရလဒ်အနေဖြင့် ၎င်းတို့သည် နေရာအများစုတို့မှာ မြေပြန့်နေရာများဖြစ်သဖြင့် ပုန်းခိုရာတွင် အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် ၎င်းတို့က ခိုလှုံရာနေရာများ ဆောက်လုပ်ရန်နှင့် အရေးပေါ် ခိုလှုံရန်နေရာများရရှိရန်အတွက် တာပေါ်လင် (အမိုးနှင့် အကာအဖြစ်အသုံးပြုရန်) တို့ အရေးပေါ်လိုအပ်နေကြောင်း အထူးပြုဖော်ပြခဲ့သည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများရှိသည့် မိသားစုများအနေဖြင့် သူနာပြုနှင့် မွေးကင်းစကလေး အသုံးအဆောင်ပစ္စည်းများ လက်ငင်းလိုအပ်နေကြောင်း အထူးပြုပြောကြားခဲ့သည်။ ထို့အပြင် IDP စခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့်အဖွဲ့မှ တာဝန်ရှိသူက ကလေးမွေးဖွားရာတွင်အသုံးပြုသည့် အရေးပေါ် ဆေးဝါးများနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာများ အရေးတကြီးလိုအပ်နေကြောင်း အသိပေးပြောကြားခဲ့သည်။

*"ကိုယ်ဝန်ဆောင်အမျိုးသမီးတွေအတွက် မေးခိုင်ရောဂါကာကွယ်ဆေးတွေ အင်မတန်လိုအပ်ပါတယ်။ ကလေးမွေးပြီးရင်လည်း ကလေးအတွက် ဒိုင်ပါ (အနှီး) တွေ ဝယ်ဖို့နေရာမရှိဘူး။ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေ မိန်းမကိုယ်မှတစ်ဆင့် မဖွားမြင်နိုင်ဘူးဆိုရင် ကျွန်တော်တို့အနေနဲ့ အဲ့ဒီ မိခင်တွေကို ခွဲမွေးဖို့အတွက် သယ်ယူပို့ ဆောင်ပေးဖို့ မော် တော်ယာဉ်အပိုင်းမှာ အခက်အခဲရှိတယ်။ စခန်းမှာ ဆရာဝန်တွေရှိပေမယ့်လည်း အရေးပေါ်အခြေအနေတွေမှာ ကလေးမွေးပေးဖို့အတွက် လိုအပ်တဲ့ ပစ္စည်းကိရိယာတွေ ကျွန်တော်တို့မှာ မရှိနေဘူး။ ဒီ့အပြင် လမ်းညွှန်ညွှန်းပို့ပေးတဲ့ အပိုင်းမှာလည်း ကျွန်တော်တို့အနေနဲ့ အဆက်အသွယ်မရှိတဲ့အတွက် အဲ့ဒီအမျိုးသမီးတွေကို တခြားဘယ်နေရာကိုမှ လွှဲပြောင်းမပေးနိုင်ဘူးဖြစ်တယ်။ ဒါကြောင့် အမျိုးသမီးတွေအတွက် လိုအပ်ချက်တွေ အများကြီးရှိပါတယ်"*

*(အမျိုးသား KII ဖြေဆိုသူ၊ မင်းတပ်/ ချင်းပြည်နယ်)*

ပဋိပက္ခနှောင်းပိုင်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ကန်ပက်လက်နှင့် မင်းတပ်မှ ဖြေဆိုသူများက - IDP များအနေဖြင့် ပစ်ခတ်မှုများအကြား အသက်အန္တရာယ်ခြိမ်းခြောက်ခံရမှုများ၊ ဆိုးရွားသော ရာသီဥတုများ၊ သယ်ယူပို့ဆောင်ရေး အခက်အခဲများနှင့် အခြေခံလိုအပ်ချက်များ (စားနပ်ရိက္ခာ) များရယူရတွင် ရှိသည့်အခက်အခဲများ စသည်တို့ကြောင့် စိတ်ပိုင်းဆိုင်ရာ စိတ်ဒဏ်ရာရရှိထားကြသဖြင့် ၎င်းတို့အတွက် လူမှုစိတ်ပိုင်းဆိုင်ရာ ပြန်လည်ပြုစုပျိုးထောင်ရေးစီမံကိန်းများကို ဦးစားပေးအဖြစ် ထည့်သွင်းရန် မီးမောင်းထိုးပြခဲ့သည်။ ကရင်နီပြည်နယ်ရှိ ဒီးမော့ဆို နှင့်

ရှားတော နယ်မြေများမှ ဖြေဆိုသူများက ပဋိပက္ခနှောင်းပိုင်း အခြေအနေများတွင် ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို ဦးစားပေးဆောင်ရွက်ရန် ဖော်ပြထားကြသည်။ ထို့အပြင် အမျိုးသမီးများအတွက်နှင့် လူထုအတွင်း တန်းတူညီမျှမှုများအတွက် စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလန်းများစသည့် စီမံကိန်းများလိုအပ်ကြောင်းလည်း ဆိုသည်။ ဒီပဲယင်းနှင့် ယင်းမာပင်ရှိ IDP များမှာမူ ၎င်းတို့၏ အိုးအိမ်များပြန်လည် တည်ဆောက်ရာတွင် ပြည်သူ့အစိုးရထံမှ ကျိုးကြောင်းစီလျော်သည့် ထောက်ပံ့ကူညီမှုများလက်ခံရရှိရန်မျှော်လင့်ကြောင်း ဆိုသည်။

ဤလေ့လာချက်ပြုလုပ်သည့် နေရာဒေသများရှိ ဖြေဆိုသူများအားလုံး ဘုံအနေဖြင့် ဖော်ပြသည့်အချက်တွင် ပြန်လည်ပြုစုပျိုးထောင်ရေး စီမံကိန်းများကို ဦးစားပေးရန်နှင့်၊ ထို့နောက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများဆောင်ရွက်ရန် တို့ဖြစ်သည်။

## IDP စစ်ရှောင်စခန်းများတွင် အမျိုးသမီးများနှင့် ကလေးငယ်များ၏ အခြေအနေများ

### *ပဋိပက္ခအတွင်း အတွေ့အကြုံများ*

စစ်ရှောင်ဒုက္ခသည်များ ၎င်းတို့နေထိုင်ရာ လူမှုအသိုင်းအဝိုင်းများထံမှ ထွက်ပြေးတိမ်းရှောင်ရခြင်းမှာ စစ်တပ် နှင့် ဒေသခံ ခုခံတော်လှန်ရေးအင်အားစုများအကြား တိုက်ပွဲများ၊ စစ်သားများမှ မတရားကျူးကျော်ဝင်ရောက်ပြီး ကာယကံရှင်များ၏သဘောတူညီမှုမပါပဲ အဖိုးတန်ပစ္စည်းများအား အဓမ္မယူဆောင်ခြင်းများ၊ နေအိမ်များ၊ ကျောင်းများနှင့် ဘာသာရေးအဆောက်အဦများကို မီးရှို့ဖျက်ဆီးခြင်းများ၊ လက်နက်ကြီးဖြင့်ပစ်ခတ်တိုက်ခိုက်မှုများ၊ ပြည်သူများအား မတရားဖမ်းဆီး၊ ညှဉ်းပန်းနှိပ်စက်၊ သတ်ဖြတ်ခြင်းများနှင့် လူသားဒိုင်းများအဖြစ် အသုံးပြုခြင်း - စသည်တို့ကြောင့်ဖြစ်သည်။ အမျိုးသမီးများနှင့် လူငယ်များ ပစ်မှတ်ထားခံနေရကြောင်းနှင့် ပြဿနာရှာခံနေရကြောင်း သတင်းများကြောင့်လည်း လူအများက စိုးရိမ်ပူပန်မှုပိုဖြစ်ကြရသည်။

*"စစ်တပ်က ရွာထဲမှာ တပ်လာချထားတယ်။ အခြားရွာတွေမှာရှိတဲ့သူတွေက ဖမ်းခံရတာတွေ၊ လူသားဒိုင်းအဖြစ် အသုံးပြုခံရတာတွေ၊ အမျိုးသမီးတွေကို လုံးဝ မညှာတာတွေကို ကျွန်မတို့ကြားတယ်။ အိမ်မှာဆက်နေဖို့ ဘယ်လိုမှ မလုံခြုံတော့ဘူး၊ ကျွန်မ လိင်ပိုင်းဆိုင်ရာ စော်ကားခံရမှာကိုလည်း ကြောက်တယ်။ ဒါကြောင့် ရွာကနေ ကျွန်မထွက်ပြေးခဲ့တာပါ"*

*(IDI ဖြေဆိုသူ အမျိုးသမီး၊ ဒေါ်ငရော့၊ ဒီးမော့ဆို - ကရင်နီ)*

*"မင်းတပ်မှာ တိုက်ပွဲတွေပြင်းထန်လာတော့ အမျိုးသမီးတွေဟာ မုဒိန်းကျင့်ခံရတယ်၊လူသားဒိုင်းအဖြစ် အသုံးပြုခံရတယ်။ ဒါကြောင့် ကျွန်မမိသားစုနှင့် ကျွန်မတို့ရဲ့ ဘဝအပေါ်ကိုလည်း အလားတူ ထိခိုက်လာနိုင်တယ်လေ။ စစ်တပ်က အကြမ်းဖက်မှုတွေ ကျူးလွန်တဲ့အခါ ကျွန်မတို့ ထွက်ပြေးလာခဲ့ကြရတာပါ"*

*(IDI ဖြေဆိုသူ အမျိုးသမီး၊ မင်းတပ်)*

လေ့လာချက်ပြုလုပ်ခဲ့သည့် နေရာဒေသများတွင် လူထုတို့သည် ၎င်းတို့၏ မူလ တည်နေရာများမှ အခြားသို့ ထွက်ပြေးတိမ်းရှောင်ကြရသည့်အခါ စိန်ခေါ်မှုအခက်အခဲအမျိုးမျိုးတို့နှင့်ရင်ဆိုင်ခဲ့ကြရသည်။ မီးဖွားကာနီး ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ နို့တိုက်ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများပါဝင်သည့် မိသားစုများအနေဖြင့် အခက်အခဲများပိုမိုကြုံတွေ့ခဲ့ရသည်။ ချင်းပြည်နယ်ရှိ *IDP* စခန်းများရှိ ပိုမိုများပြားသော ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများသည် ပိုမိုကြီးမားသော ယင်းအခက်အခဲစိန်ခေါ်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။

*"အမျိုးသမီးတွေထဲမှာ ကိုယ်ဝန်ဆောင်မျိုးသမီးနဲ့ နို့တိုက်ကလေး မိခင်တွေက လူမဲ့အောင်ရှင်းလင်း ထွက်ပြေးကြရတဲ့အခါမှာ အခက်အခဲတွေပိုကြုံရတယ်။ သူတို့ရဲ့ ကိုယ်ခံအားတွေ နည်းနေတဲ့အတွက်ကြောင့်မို့လို့ စိတ်ဆန္ဒရှိသလို မထွက်ပြေး၊ မတိမ်းရှောင်နိုင်ကြဘူး။ ထိခိုက်မှုဒဏ်ကို သူတို့ပိုခံစားကြရတယ်။*

*( IDI ဖြေဆိုသူ အမျိုးသား၊ ကန်ပက်လက်)*

*"ကလေးတွေ ဗိုက်ဆာတဲ့အခါ သူတို့ဆာကြောင်း မပြောတတ်ကြဘူးလေ။ အဲ့တော့ ကျွန်မတို့တွေလည်း သတိမထားမိဘူးပေ့ါ။ တိုက်ပွဲတွေဖြစ်လို့ ထွက်ပြေးကြရတဲ့အခါ ကျွန်မတို့လည်း တစ်ခါတစ်လေ နို့တိုက်ဖို့ကို မေ့သွားကြတယ်"*

*(IDI ဖြေဆိုသူ အမျိုးသမီး၊ မင်းတပ်)*

ဒီပဲယင်း ဒေသတွင်းမှ မထွက်ပြေးနိုင်သောကြောင့် သက်ကြီးရွယ်အိုများ သတ်ဖြတ်ခံခဲ့ရသည့် ဖြစ်စဉ်များရှိသည်။ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအပေါ် စစ်တပ်တပ်ဖွဲ့များက လုံးဝသက်ညှာမှုမရှိကြောင်း ဖြေဆိုသူများကဆိုသည်။ စစ်တပ် အခြေကုပ်သည့်နေရာများတွင် လူအများသည် သတ်ဖြတ်ခံရနိုင်သည့် အန္တရာယ်ရှိနေသည်။

*"တစ်ချို့သက်ကြီးရွယ်အိုတွေကထွက်မပြေးနိုင်ကြတော့ ရွာထဲမှာပဲ ကျန်နေခဲ့ကြတာ။ တချို့ သက်ကြီးရွယ်အိုတွေက အခြေအနေကြည့်ရအောင်နဲ့ မွေးထားတဲ့ တိရိစ္ဆာန်တွေအစာကျွေးဖို့ဆိုပြီး ရွာထဲကို ပြန်တယ်၊ နောက်ဆုံး ရွာထဲမှာ တပ်စွဲထားတဲ့ စစ်တပ်ကနေ ဖမ်းတာခံရပြီး အသတ်ခံကြရတယ်"*

*(IDI ဖြေဆိုသူ အမျိုးသား၊ ဒီပဲယင်း/စစ်ကိုင်း)*

ချင်းနှင့် ကရင်နီပြည်နယ်ရှိ ဖြေဆိုသူများမှ (အမျိုးသမီးများအား စစ်တပ်မှ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ကျူးလွန်မည်စိုးသဖြင့် ၎င်တို့နေထိုင်ရာ လူမှုအသိုင်းအဝိုင်းမှ ထွက်ပြေးတိမ်းရှောင်လာရကြောင်း စသည့်) ထွက်ပြေးတိမ်းရှောင်ရသည့်အကြောင်းရင်းအပေါ် ပြောပြခဲ့သော်လည်း ဒီပဲယင်း နှင့် ယင်းမာပင်တို့မှ ဖြေဆိုသူများမှာ ယင်းသို့သော စိုးရိမ်ရမှုများအကြောင်း ဖော်ပြထားခြင်းမရှိပါ။

## *စစ်ရှောင်စခန်းများတွင် လူမှုဘဝဖူလုံမှုဆိုင်ရာ အခြေအနေများ*

မင်းတပ်မြို့နယ်ရှိ IDP စခန်းများသည် စခန်းများမှ ဖြန့်ဝေပေးသည့် စားနပ်ရိက္ခာများ၊ အနီးနားရှိ ကျေးရွာများနှင့် အလှူရှင်များထံမှ အလှူများစသည်တို့ကို လက်ခံရရှိကြသည်။

*" တစ်ခါတစ်လေ ကျွန်တော်တို့ စားဝတ်နေရေးဖူလုံဖို့တွက် ကိုယ့်ဟာကိုယ် ဝယ်ရ၊ ခြမ်းရတယ်။ တစ်ခါတစ်လေကျရင်တော့ အလှူရှင်တွေက လှူတာတွေရတယ်။ အလျဉ်းသင့်သလို အသက်ဆက်ရတာပေါ့။ မိုးရာသီရောက်ရင်တော့ တောထဲမှာ မျှစ်တို့၊ မှိုတို့ ရှာကြတယ်။ ဒ့ါအပြင် တစ်ခါတစ်လေကျရင်လဲ ကျွန်တော်တို့ တခြားသူတွေရဲ့ လယ်ယာတွေကနေ အသီးအနှံတွေရတာတွေရှိတယ်။*

(IDI *ဖြေဆိုသူ အမျိုးသား၊ မင်းတပ်)*

ဒီပဲယင်းနှင့် ယင်းမာပင်တို့မှ စစ်ရှောင်များသည် ၎င်းတို့နှင့်အတူသယ်ဆောင်လာသော အစားအသောက်များ၊ ဘုန်းကြီးကျောင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် အခြား ကျေးရွာများ၊ ဒေသခံလူထုများနှင့် ဘုန်းကြီးကျောင်းများစသည်တို့မှပေးသော စားစရာများကို ချက်ပြုတ်စားသောက်ကြသည်။ အစားအသောက်ပေးသူမရှိပါက တစ်နေ့လုံးတွင် ထမင်းတစ်နပ်သာ စားကြရသည့်အခါမျိုးလည်းရှိကြသည်။

*"အလှူရှင်တွေရှိရင်တော့ စားရသောက်ရတာဖူလုံမှုရှိပေမယ့် မရှိတဲ့အခါကျရင်တော့ ကျွန်မတို့တွေ မျှဝေပြီးတော့ တစ်နပ်ပဲ စားကြရတာပေ့ါ"*

(IDI *ဖြေဆိုသူ အမျိုးသမီး၊ ဒီပဲယင်း၊ ဘမရှောင် စခန်း)*

သောက်သုံးရေနှင့် အိမ်သာနှင့် ပတ်သက်သည့် ပြဿနာများမှာ လေ့လာချက်ပြုလုပ်သည့်ဒေသများအားလုံးတွင်ရှိသည့် စစ်ရှောင်များမှ ကြုံတွေ့ရသည်။ အိမ်သာ၏ ဖွဲ့စည်းပုံမှာ မသန်စွမ်းသူများအတွက် အသုံးပြုရန်မလွယ်ကူသဖြင့် ဆီးသွားခြင်းနှင့် အလေးသွားခြင်းတို့တွင် အခက်အခဲများရှိနေကြောင်း ၎င်းတို့ကဆိုသည်။ ထို့အပြင် အိမ်သာများနှင့် ဆေးကြောသန့်စင်သည့် နေရာများမရှိသဖြင့် အမျိုးသမီးများအတွက် လုံခြုံရေးနှင့် ကျန်းမာရေးပြဿနာရှိနိုင်သည့် အန္တရာယ်များ မြင့်မားလျက်ရှိသည်။

ထို့အပြင် နို့မှုန့်အပေါ်တွင် မှီခိုနေရသည့် ကလေးငယ်များအတွက် နို့မှုန့်နှင့် အခြားဖြည့်စွက်မှုန့်များရရှိမှု နှင့် ချက်ပြုတ်မှုတို့တွင်နှင့်၊ နာတာရှည်ရောဂါများ (ဆီးချို၊ ကင်ဆာ) စသည့် ရောဂါဝေဒနာသည်များ၊ သက်ကြီးရွယ်အိုများ၊ နှင့် မိခင်များနှင့် မွေးကင်းစကလေးငယ်များစသည်တို့အတွက် အစာအာဟာရရှာဖွေခြင်းတို့တွင် - အခက်အခဲများရှိကြောင်းကိုလည်း လေ့လာတွေ့ရှိရသည်။

အထောက်အပံ့နေဖြင့် မင်းတပ်ရှိ စစ်ရှောင်များသည် နိုင်ငံရပ်ခြားမှ ချင်းလူမျိုးမှ၊ နိုင်ငံခြား ခရစ်ယာန်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကမ္ဘာ့ကုလသမဂ္ဂနှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ထံတို့မှ အထောက်အပံ့များရရှိကြသည်။ ကန်ပက်လက်တွင်မူ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကြက်ခြေနီအဖွဲ့အစည်း

များနှင့် ခရစ်ယာန် ဘုန်းကြီးများစသည်တို့မှ ထည့်ဝင်လှူဒါန်းမှုများရှိသည်။ ကရင်နီပြည်နယ်တွင် တစ်သီးပုဂ္ဂလအလှူရှင်များ၊ ကယန်းအမျိုးသမီး အဖွဲ့အစည်း၊ ကယန်းအလှူ၊ ကာယုန မစ်ရှင် လူမှုစည်းလုံးကြံခိုင်ရေးအဖွဲ့၊ တောင်ကြီး လူငယ်၊ မေတ္တာ ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း၊ ကုလသမဂ္ဂ ယူနီဆက် အဖွဲ့၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၊ ကမ္ဘာ့စားနပ်ရိက္ခာ အဖွဲ့ (WFP)နှင့် နိုင်ငံတကာ ကြက်ခြေနီကော်မတီ (IRC)၊ Save the Children၊ Free Burma Rangers၊ Pact Myanmar၊ Norwegian Refugee Council နှင့် World Vision စသည့် နိုင်ငံတကာ အစိုးရမဟုတ်သော (INGO) အဖွဲ့အစည်းများထံမှ လှူဒါန်းမှုများစသဖြင့် ပုံစံအမျိုးမျိုးဖြင့် အထောက်အပံ့များ ရရှိကြသည်။

ချင်းနှင့် ကရင်နီပြည်နယ်များရှိ စစ်ရှောင်များသည် ပြည်တွင်းနှင့် ပြည်ပရှိ တစ်သီးပုဂ္ဂလအလှူရှင်များ၊ ကမ္ဘာ့ကုလသမဂ္ဂ နှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများထံမှ ထောက်ပံ့ကူညီမှုများအား ရယူလက်လှမ်းမှီကြပြီး၊ ဒီပဲယင်းနှင့် ယင်းမာပင်တို့ရှိ စစ်ရှောင်များမှာ ဒေသခံ လူမှု ဖူလုံရေး အဖွဲ့အစည်းများနှင့် ဒေသခံလူထုများအပေါ် မှီခိုအားထားနေရသည်ကို တွေ့ရှိရသည်။

## *လူမှုရေး နှင့် ကျန်းမာရေး ပြဿနာများ*

> *"ကျွန်တော်တို့တွေ နေ့စဥ်နှင့်အမျှ အကြောက်တရားနဲ့ နေနေရတယ်။ သူတို့များ ထပ်လာမလားဆိုပြီး အထုပ်အဆင်သင့်ထုပ်၊ ပြေးဖို့အဆင်သင့်လုပ်ထားရတယ်"*
> *(IDI အမျိုးသား ဖြေဆိုသူ၊ ဒီပဲယင်း/စစ်ကိုင်း)*

လေ့လာမှုပြုလုပ်ခဲ့သည့် ဒေသရှိ စစ်ရှောင်များအားလုံးတို့သည် စိုးရိမ်ကြောင့်ကြမှု၊ နာကြည်းဒေါသ စိတ်သောကနှင့် အနာဂါတ်အတွက် စိုးရိမ်ပူပန်မှုများ ဖြစ်ကြရသည်။ ထို့အပြင် စစ်တပ်မှ ထိုးစစ်ဆင်မှုများကြောင့် အချို့တို့မှာ တုန်လှုပ်ခြောက်ခြားကြရပြီး၊ ပေါက်ကွဲမှုများနှင့် ပစ်ခတ်မှုများ၏ ပြင်းထန်သည့် အသံရိုက်ခတ်မှုများကြောင့် အချို့ သက်ကြီးရွယ်အိုများမှာ ထိတ်လန့် သေဆုံးကြရသည်။ တိုက်ပွဲဖြစ်ပွားစဥ်အတွင်း ၎င်းတို့၏ နေအိမ်များ မီးရှို့ဖျက်ဆီးခံပြီး ဆုံးရှုံးရခြင်း၊ စစ်တပ်မှ နေအိမ်များနှင့် လယ်ယာမြေများကို မီးရှို့ဖျက်ဆီးခြင်းနှင့် အဖိုးတန်ပစ္စည်းများအား အဓမ္မယူ ဆောင်သွားခြင်း စသည်တို့အပေါ် ၎င်းတို့အနေဖြင့် ဒေါသထွက်ကြရသည်။ စစ်တပ်မှာ လက်နက်ကြီးပစ်ခတ်သည့်အသံများ၊ တိုက်ပွဲများအတွင်း သေနတ်ပစ်ခတ်သည့်အသံများသည် ကလေးငယ်များအတွက် ထိတ်လန့်မှုဖြစ်စေပြီး စိတ်ဒုက္ခရောက်ကြရသည်။ စစ်ရှောင်ကလေးသူငယ်များသည် ထွက်ပြေးတိမ်းရှောင်ရပြီး စခန်းများတွင် နေထိုင်ကြရသဖြင့် ကျောင်းမတက်နိုင်ပဲ၊ မည်သည့် ပညာရေးပုံစံတစ်ခုမျှကိုလည်း ရယူလက်လှမ်းမှီနိုင်မှု မရှိကြပါ။ စခန်းများတွင်လည်း ကလေးငယ်များအတွက် ပညာရေးရယူလက်လှမ်းမှီနိုင်မှုမရှိပါ။ ထို့အပြင် စစ်ရှောင်များသည် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းအပါအဝင်၊ သန့်ရှင်းသည့် သောက်ရေနှင့် အထွေထွေသုံးရေများ ရယူလက်လှမ်းမှီနိုင်မှုမရှိသဖြင့် ကူးစက်ရောဂါခံစားရနိုင်ချေမြင့်မားနေပြီး ကျန်းမာရေးစောင့်ရှောက်မှုများလည်း ရယူလက်လှမ်းမှီမှုမရှိပဲ ဆက်ရှိနေသည်။ စစ်ရှောင်စခန်းများတွင် လူဦးရေထူထပ်မှုကြောင့် လူမှုရေးရာ ခပ်ခွာခွာနေထိုင်ရန်

အတွက် နေရာမလုံလောက်ပဲရှိသည်။ ရလဒ်အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရနိုင်ချေ ပို၍မြင့်မားသည်။ ကင်ဆာ စသည့် နာတာရှည်ရောဂါခံစားနေရသည့် ရောဂါဝေဒနာသည်များအနေဖြင့်လည်း ဆေးဝါးများ ပြတ်လတ်ကြပြီး၊ ကုသမှု ဆက်လက်ရယူနိုင်ခြင်းမရှိကြောင်း ဖော်ပြထားကြသည်။

## ၃.၁ လက်ငင်းတုံ့ပြန်ဆောင်ရွက်ပေးရန် အရေးပေါ် လိုအပ်ချက်များ

### *အမျိုးသမီးများအတွက် အဓိက လိုအပ်ချက်များ*

အမျိုးသမီးများ၏ လိုအပ်ချက်များနှင့် စပ်လျဉ်း၍၊ အမျိုးသမီးအမြောက်အများတို့သည် ၎င်းတို့ကိုယ်တိုင်အတွက်သာမကပဲ ၎င်းတို့၏ ကလေးငယ်များအတွက်ပါ အရေးပေါ်လိုအပ်ချက်များရှိနေကြောင်း အလေးပေးဖော်ပြထားသည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် မွေးကင်းစကလေးများရှိသည့်မိခင်များသည် အခြားသူများထက် လိုအပ်ချက်များပိုရှိသည်။ ကလေးမွေးဖွားရန်အတွက် မီးဖွားသူနာပြုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် နေရာဌာနများမရှိခြင်းကြောင့် မိခင်များ၏ စိုးရိမ်မှုများပိုမိုဆိုးရွားကြရသည်။ သန့်ရှင်းသည့် ရေနှင့် အိမ်သာများရယူလက်လှမ်းမီနိုင်မှု မလုံလောက်သဖြင့် စစ်ရှောင်အမျိုးသမီးများအနေဖြင့် ၎င်းတို့၏ ကျန်းမာရေး နှင့် ဘေးကင်းရေးတို့အပေါ် စိုးရိမ်ရမှုများရှိသည်။ အထူးသဖြင့် အမျိုးသမီးများ၏ တစ်ကိုယ်ရည်လစဉ်သုံးပစ္စည်းများ၊ အတွင်းခံများ၊ အဝတ်အစားများနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများအား မီးဖွားစောင့်ရှောက်မှုပေးရန် သူနာပြုများ စသည်တို့နှင့် ပတ်သက်သည့် လိုအပ်ချက်များရှိနေသည့်အပြင်၊ လိုအပ်ချက်များတွင် မီးဖွားရာ၌လိုအပ်သည့် ဆေးဝါးများနှင့် အသုံးအဆောင်ပစ္စည်းများ (အဝတ်များ)၊ မွေးကင်းစကလေးအတွက် အနှီးဝတ်များ၊ နှင့် ကလေးငယ်များအတွက် ဆေးဝါးများ စသည်တို့ပါဝင်သည်။ အမျိုးသမီးများအတွက် လစဉ်သုံးပစ္စည်းလိုအပ်ချက်များကို အမျိုးသားနှင့် အမျိုးသမီးစစ်ရှောင်များနှင့် အတွင်းကျကျအင်တာဗျူးမေးမြန်းစဉ် နှစ်ရပ်စလုံးတို့တွင် ဖော်ပြထားခြင်းမရှိပဲ၊ အမျိုးသမီးများအတွက် အထူးလိုအပ်ချက်များအကြောင်းကို ဒေတာကောက်ယူသူများက အဓိကသတင်းအချက်အလက်ပေးသူများနှင့် အင်တာဗျူးမေးမြန်းသည့်အခါတွင်မှ ဖော်ပြထားခြင်းဖြစ်သည်။ ၎င်းသည် အမျိုးသမီးများ၏လိုအပ်ချက်အား မရှိမဖြစ်အရေးကြီးသည်ဟု မစဉ်းစားထားကြကြောင်း ဖော်ပြနေသည်။ စစ်ရှောင်စခန်းများထံသို့ လှူဒါန်းမှုများပြုသည့် အစောပိုင်းကာလများတွင် အမျိုးသမီး သန့်ရှင်းရေး လစဉ်သုံးပစ္စည်းများမပါဝင်ခဲ့ပဲ အစားအစာနှင့် ရေများကိုသာ ပို၍ဦးစားပေးခဲ့ကြသည်။ ထို့အပြင် အမျိုးသမီးများ၏ နေ့စဉ်လိုအပ်ချက်များကို စဉ်းစားရာတွင် အကန့်အသတ်များရှိခဲ့သည်။ စစ်ရှောင်စခန်းများတွင် မျိုးဆက်ပွားခြင်းနှင့်သက်ဆိုင်သည့် ကြိုတင်ကာကွယ်ဆောင်ရွက်ချက်များကို အဖွဲ့အစည်းများမှ ထောက်ပြလုပ်ဆောင်ခြင်းမရှိပဲ၊ ၎င်းကို အရေးကြီးသည်ဟုမယူဆသဖြင့် ယင်းသို့ဆောင်ရွက်ထားမှုများ စခန်းများအတွင်း မရှိသည်ကို တွေ့ရသည်။ စစ်ရှောင်အမျိုးသမီးများသည် ၎င်းတို့၏ စိုးရိမ်မှုနှင့်လိုအပ်ချက်များကို အတိအလင်းမဖော်ပြသော်လည်း ၎င်းတို့အနေဖြင့် ပဋိပက္ခကာလတစ်လျှောက်လုံး လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ခံရနိုင်သည့် ထိရှလွယ်မှုပိုရှိသဖြင့် ၎င်းတို့၏ စိုးရိမ်ပူပန်မှုများပိုတိုးနေသည်။ ရလဒ်အနေဖြင့်

၎င်းတို့သည် မလိုလားအပ်သော ကိုယ်ဝန်ဆောင်လွယ်ရမှုမရှိအောင် ကာကွယ်သည့် နည်းလမ်းများကို ပိုမိုစေ့စပ် လုပ်ဆောင်နေကြဟန်တူသည်။

*"ဓမ္မတာလာရင်သုံးတဲ့ အမျိုးသမီးပစ္စည်းတွေ လိုနေတာပေ့ါ။ ကလေးရှိတဲ့ မိခင်တွေဆိုရင်လည်း ကလေးအသုံးအဆောင်တွေလိုတယ်"*

(KII *အမျိုးသားဖြေဆိုသူ၊ ဒီပဲယင်း)*

*"အမျိုးသမီးများအတွက် နေ့စဉ်လိုအပ်ချက်တွေက၊ ဥပမာအားဖြင့်- အတွင်းခံတို့၊ လစဉ်သုံးပစ္စည်းတို့ နဲ့ တခြားဟာတွေပေ့ါ။ ကျွန်မတို့မှာ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေရှိတဲ့အတွက် အရေးပေါ် ကလေးမီးဖွားဖို့အတွက် ရယ်၊ နာမကျန်းဖြစ်နေတဲ့ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးမယ့် ဆရာဝန်တွေ ဒါမှမဟုတ် သူနာပြုတွေလိုအပ်ပါတယ်"*

*(*KII *အမျိုးသမီး ဖြေဆိုသူ၊ ဒီပဲယင်း)*

## *ကလေးသူငယ်များအတွက် အဓိက လိုအပ်ချက်များ*

ကလေးသူငယ်များသည် မကြာခဏ အိုးအိမ်စွန့်ခွာရခြင်းနှင့် တိမ်းရှောင်ထွက်ပြေးရခြင်းတို့ကြောင့် ကျောင်းမတက်နိုင်ကြပါ။ ထို့ကြောင့် ပညာရေးလက်လှမ်းမှီနိုင်မှုသည် ယင်းကလေးငယ်များအတွက် ကြီးမားသော အဟန့်အတားဖြစ်နေသည်။ စစ်ရှောင်စခန်းများတွင် ပညာသင်ကြားရန် အခွင့်အလမ်းမရှိပါ။ ပို၍အရေးကြီးသည်မှာ ကျောင်းများသည် ဖော်ခွဲရေးများနှင့် လက်နက်ကြီးပစ်ခတ်မှုများကြောင့် မီးလောင်ပျက်စီးသွားပြီးဖြစ်သည်။ လေ့လာမှုပြုလုပ်ခဲ့သည့် ဒေသအားလုံးတို့တွင် ကလေးငယ်များအတွက် စိတ်ခံစားမှု/စိတ်ပိုင်းဆိုင်ရာ လုံခြုံရေး တည်ဆောက်ပေးရန် လိုအပ်ချက်ကို မီးမောင်းထိုးပြထားသည်။ ကန်ပက်လက်၊ မင်းတပ်၊ ဒီးမော့ဆို နှင့် ရှားတောတို့မှာ စစ်ရှောင်များက မွေးကင်းစကလေးများအတွက် လိုအပ်ချက်များကို ပို၍အသားပေးဖော်ပြထားကြသည်။ စစ်ရှောင်စခန်းများတွင် မျိုးရိုးဗီဇချို့ယွင်းမှု လက္ခဏာ (hydrolethalus syndrome) ကြောင့် နို့မှုန့်အပေါ်တွင် မှီခိုအားထားနေရသည့် ကလေးငယ်များနှင့်၊ ဖြည့်စွက်စာများတွင် မှီခိုနေရသည့် ကလေးများအတွက် လိုအပ်ချက်များကို ဖြည့်တင်းပေးရန် ထောက်ပံ့ထားမှုများမရှိပါ။ အလှူရှင်များနှင့် အဖွဲ့အစည်းများမှ ပေးအပ်သည့် ထောက်ပံ့မှုများမှာ ဆန်၊ ဆီ နှင့် အခြေခံလိုအပ်ချက်များ၊ ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေး ပစ္စည်းများ (လက်သန့်စင်ဆေးရည်၊ နှာခေါင်းစည်းများ)၊ စောင်များ၊ ခြင်ထောင်များပါဝင်သော်လည်း မွေးကင်းစ ကလေးငယ်များအတွက် နို့မှုန့်၊ ဖြည့်စွက်စာမှုန့်နှင့် အနှီးဝတ်များ မပါဝင်ပါ။

## *လူငယ်များအတွက် အဓိက လိုအပ်ချက်များ*

စခန်းများတွင် ၆၀% သော လူဦးရေတို့သည် အသက် ၁၆-၃၀ အကြားရှိ အမျိုးသမီးများဖြစ်ပြီး၊ လူငယ်အမျိုးသားများမှာ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များသို့ ဝင်ရောက်သွားသဖြင့် အင်တာဗျူးမေးမြန်းရာတွင် လူငယ်အမျိုးသား အ

ရေအတွက် ပို၍နည်းပါးခဲ့သည်။ စခန်းများရှိ လူငယ်များသည် စခန်း၏ စီမံခန့်ခွဲမှုများတွင် ဝင်ရောက်ကူညီလျက်ရှိကြသည်။ ၎င်းတို့အနက် အမျိုးသမီးများနှင့် ဆေးဘက်ဆိုင်ရာအဖွဲ့များလည်း ပါဝင်သည်။ လေ့လာမှုပြုလုပ်ခဲ့သည့် စစ်ရှောင်စခန်းများအားလုံးတို့တွင် စခန်းအတွက် တာဝန်ရှိသည့် အမျိုးသမီးတစ်ဦးပါဝင်နေကြောင်းနှင့်၊ စခန်းအအများစုတို့တွက်တာဝန်ရှိသူများတွင် အသက် ၃၀ နှစ်နှင့်အထက်ရှိ အမျိုးသားများဖြစ်သည်ကိုတွေ့ရသည်။ ပဋိပက္ခအတွင်း ၎င်းတို့အနေဖြင့် လူထုကိုအကာအကွယ်ပေးရန်နှင့်၊ ၎င်းတို့၏ မြေယာများကို စစ်တပ်မှကျူးကျော်ခြင်းမရှိအောင်ကာကွယ်ရန်လိုအပ်သဖြင့် လုံခြုံရေးတပ်ဖွဲ့များနှင့်၊ ကာကွယ်ရေးထောက်ပံ့မှုများကဲ့သို့သော ဆောင်ရွက်ချက်များသည် အဓိက အရေးပေါ်လိုအပ်ချက်များဖြစ်ကြောင်း အသားပေးဖော်ပြထားကြသည်။ ထို့အပြင် လူငယ်များသည် စခန်းစီမံခန့်ခွဲခြင်း၊ စစ်ရှောင်များ၏ လုံခြုံရေးနှင့် ကောင်းမွန်ဖူလုံမှုများအတွက် တက်ကြွစွာပါဝင်လုပ်ဆောင်၊ ဦးဆောင်နေကြသည်ဖြစ်ရာ ၎င်းတို့အတွက် အရေးပေါ်ဆောင်ရွက်ချက်များဆိုင်ရာ သင်တန်းများသည် အကျိုးရှိစေနိုင်သည်ဖြစ်သဖြင့် ယင်းအကြောင်းအရာများအပေါ် လေ့ကျင့်သင်ကြားပေးရန်လည်း အကြံပြုထားသည်။ ထို့အပြင် လူငယ်များသည် စစ်ကောင်စီ၏လက်အောက်ရှိ စာသင်ကျောင်းများနှင့် တက္ကသိုလ်များအား သပိတ်မှောက်ခြင်းအားဖြင့် ပြည်သူ့ဝန်ထမ်းအာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) တွင်ပါဝင်နေကြသည်။ အလားတူပင် လူငယ်များသည် စခန်း၏ အနေအထားနှင့် သင်ယူမှုပတ်ဝန်းကျင်တို့ကြောင့် ၎င်းတို့၏ ပညာရေးကိုလည်း ဆက်လက်သင်ကြားနိုင်ခြင်းမရှိပါ။

## ၃.၂ ပဋိပက္ခနှောင်းပိုင်း မဟာဗျူဟာမြောက်တုံ့ပြန်ဆောင်ရွက်မှုအတွက် လိုအပ်ချက်များ

### *ကုစားမှုများ/ပဋိပက္ခများအတွင်း ဆုံးရှုံးမှုများ နှင့် တရားမျှတမှု လက်လှမ်းမှီရေး*

ပဋိပက္ခသက်ရောက်ခံရသည့် ဒေသများရှိ လူထုများအနေဖြင့် စစ်တပ်မှ အခြေကုပ် တပ်စွဲထားသည့် ရွာများ၊ စစ်ဆင်ရေးလုပ်သည့် နေရာများတစ်လျှောက် စသည်တို့တွင် သတ်ဖြတ်မှုနှင့် ညှဉ်းပန်းနှိပ်စက်မှုများကြုံတွေ့ခံစားကြရပြီး၊ စစ်တပ်မှလူနေအိမ်များ၊ ဘာသာရေး အဆောက်အဦများ၊ တောင်ယာများကို မီးရှို့ဖျက်ဆီးစဉ် လူသားဒိုင်းများအဖြစ်အသုံးပြုခြင်းခံရကာ၊ မွေးမြူရေးတိရိစ္ဆာန်များနှင့် ပိုင်ဆိုင်မှုပစ္စည်းများ အဓမ္မယူဆောင်ခံရ၊ ဖျက်ဆီးခံကြရသည်။ နေအိမ်များဖျက်ဆီးခံရသည့် စစ်ရှောင်များအနေဖြင့် အိမ်ပြန်ဆောက်နိုင်သည့် အနေအထားမရှိကြပါ။ ထို့အပြင် ဆက်လက်ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများကြောင့် ၎င်းတို့သည် ၎င်းတို့၏ မြေယာများကိုအသုံးပြု၍ ကောက်ပဲသီးနှံများစိုက်ပျိုး၊ ရိတ်သိမ်းခြင်းကိုလည်း မလုပ်ဆောင်နိုင်ပေ။ ထို့ကြောင့် ယင်းလူထုများအတွက် ကြီးမားသော စီးပွားရေးဆုံးရှုံးမှုများဖြစ်နေသည်။ တိုက်ပွဲများကြောင့် ဒေသန္တရ အုပ်ချုပ်ရေးစနစ် လုံးဝပြိုလဲ ပျက်စီးသွားသည်။ တစ်ဆက်တည်းတွင် ကျေးရွာအုပ်ချုပ်ရေးမှူးရာထူးများတွင် အချို့မှာ မိမိတို့သဘောအလျောက် နုတ်ထွက်သွားသည်ဖြစ်သဖြင့် နေရာများလစ်လပ်လျက်ရှိသည်။ အချို့ ကျေးရွာအုပ်ချုပ်ရေးမှူးများမှာ စစ်ပတ်နှင့်ပူးပေါင်းဆောင်ရွက်ပြီး ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းအဖွဲ့ဝင်များကိုယ်၌အပေါ် ပြဿနာများဖြစ်ပေါ်စေသည်။ ထို့ကြောင့် ဒေသန္တရ အုပ်ချုပ်ရေးမှူးများအပေါ် ယုံကြည်မှုမရှိကြတော့ပဲ လူမှုအသိုင်းအဝိုင်းဝင်များအကြား အယုံအကြည်မရှိမှု မြင့်တက်လာသည်။

*"အပြစ်မဲ့ ပြည်သူအယောက် ၂၀ အဖမ်းခံရပြီး၊ ၈ ယောက်ထိန်းသိမ်းခံရတယ်၊ ကျန်တဲ့သူတွေ ပြန်လွတ်လာတယ်။ ထိန်းသိမ်းခံရတဲ့ ၈ ယောက်အနက်မှာ တစ်ယောက်က ညှဉ်းပန်းနှိပ်စက်ခံရလို့ သေဆုံးသွားတယ်။ ကျန်တဲ့ ၇ ယောက်ကလည်း သေလုနီးနီးဖြစ်နေပြီး လက်ရှိမှာတော့ ခုချိန်ထိ ဆေးဝါးကုသမှု ခံယူနေရတုန်းပဲ"*

*(KII ဖြေဆိုသူ အမျိုးသား၊ ကျောက်ကုန်းရွာ/ ယင်းမာပင်၊စစ်ကိုင်း)*

*"တရားမျှတမှု လက်လှမ်းမမှီတဲ့ ပြဿနာနဲ့ စပ်လျဉ်းလို့ကတော့ တရားမဲ့ သတ်ဖြတ်တာ၊ ဖမ်းဆီးတာတွေနဲ့ တစ်ချို့ရွာတွေမှာဆို မိသားစုတွေ အုပ်စုလိုက် သတ်ခံရတာတွေပဲ။ ထွက်ပြေးဖို့အတွက် ဆိုင်ကယ်တွေကို လမ်းဘေးတို့ ဘုန်းကြီးကျောင်းဝင်းတို့မှာ ထားခဲ့တဲ့ သူတွေရဲ့ ဆိုင်ကယ်တွေကို အစုလိုက်အပြုံလိုက် မီးရှို့ခံရတယ်။ ဒ့ါအပြင် အမျိုးသမီးတွေလည်း လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုမှုတွေ အကျူးလွန်ခံရတယ်"*

*(KII ဖြေဆိုသူ အမျိုးသမီး၊ တောတိုက် ရွာ/ ဒီပဲယင်း၊ စစ်ကိုင်း)*

*"အပြစ်မဲ့ပြည်သူတွေ အသတ်ခံရ၊ ဖမ်းဆီးထိန်းသိမ်းခံရတယ်။ ပြည်သူတွေရဲ့ ကိုယ်ပိုင်ပစ္စည်းဥစ္စာတွေ၊ ဘဝတွေ ဖျက်ဆီးခံရတယ်။ တရားဥပဒေစိုးမိုးမှုမရှိတာကြောင့် ကျွန်တော်တို့ရဲ့ အခွင့်အရေးတွေလဲ ဆုံးရှုံးပြီး၊ ဖိနှိပ်မှု အောက်မှာပဲ နေနေကြရတယ်"*

*(KII ဖြေဆိုသူ အမျိုးသား၊ ဒေါ်နူခူး စခန်း/ ဒီးမော့ဆို- ကရင်နီ)*

စစ်တပ်မှ ကျူးလွန်သည့် ပြစ်မှုများအပြင် တရားဥပဒေစိုးမိုးမှုမရှိသဖြင့် လူအများအကြား ကျန်းမာရေး ဝန်ဆောင်မှုများနှင့် တရားဥပဒေဝန်ဆောင်မှုများ ဖြေရှင်းဆောင်ရွက်ပေးရာတွင်လည်း စိန်ခေါ်မှုများရှိသည်။

*"ပဋိပက္ခအတွင်းမှာ တရားမျှတမှု လက်လှမ်းမမှီတာနဲ့ပတ်သက်လို့ ကျွန်မတို့အနေနဲ့ လူသတ်သွားတဲ့ တရားခံကို ရှာမတွေ့ဘူး၊ ပြီးတော့ တွေ့သည့်တိုင်အောင် အဲ့ဒီလူကို ကျွန်မတို့ဘာမှ မလုပ်နိုင်ဘူး။ မိန်းကလေးငယ်တွေ လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုခံရတယ်၊ တိုင်တန်းဖို့ အမှုဖွင့်ဖို့ ဘယ်နေရာ/ဘယ်ပုဂ္ဂိုလ်မှမရှိဘူး။ အဲ့ဒီလို ဘာမှမဖြစ်သလို လူတွေက နေနေကြရတဲ့ အဖြစ်အပျက်တွေပေါ့။ မိဘတွေနဲ့ မောင်နှမတွေက တခြား စစ်ရှောင်စခန်းတွေမှာနေနေကြတဲ့ မသန်စွမ်းမိန်းကလေးတစ်ယောက်ဆို လိင်ပိုင်းဆိုင်ရာ စော်ကားခံရတာကိုလည်း ကျွန်မတို့ကြားလိုက်ရတယ်။ ဘယ်သူ လုပ်လိုက်တယ်ဆိုတာသိပေမဲ့ အရေးယူမယ့်သူဘယ်သူမှမရှိတော့ ကျွန်မတို့မှာ ဘာမှလုပ်မရဘူး"*

*(KII ဖြေဆိုသူ အမျိုးသမီး၊ မင်းတပ်)*

တရားမျှတမှု လက်လှမ်းမှီရေးသည် လူထုအဆင့်တွင် ကျိုးပျက်နေပြီး လူထုအနေဖြင့် စစ်အုပ်ချုပ်ရေးမှ တည်ထောင်ရန်ကြိုးပမ်းနေသည့် စနစ်အသစ်ပေါ်လည်း ယုံကြည်မှု သို့မဟုတ် အားထားမှု မရှိတော့ပေ။ ယင်းအနေအထားသည် အရေးကြီးသည့်အဆင့်တွင် လူထု၏ တရားရေးစနစ်ကို အမြန်ဆုံးပြန်လည်တည်ဆောက်ရန် အရေးကြီး

ကြောင်း မီးမောင်းထိုးပြနေသည်။ လူထုအသိုင်းအဝိုင်းဝင်များ၏ ဆုံးရှုံးမှုများနှင့် ကုစားမှုများအား စနစ်တကျမှတ်တမ်းတင်ရန်လိုအပ်သည်။

## *ပြန်လည်ပြုစုပျိုးထောင်ရေးအပေါ် မျှော်မှန်းချက်များ (ရေတိုနှင့် ရေရှည်)*

လေ့လာချက်ပြုလုပ်သည့် ဒေသရှိ စစ်ရှောင်များအနေဖြင့် စိတ်ပိုင်းဆိုင်ရာ စိတ်ဒဏ်ရာ ပြန်လည်ကောင်းမွန် သက်သာမှုကို အသားပေးဖော်ပြခဲ့ကြသည်။ ရေတိုနှင့် ရေရှည်စီမံချက်များအတွက် - ကလေးသူငယ်၊ လူငယ်များ၊ အမျိုးသမီးများ၊သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများ၊ စစ်ကြောင့် မသန်စွမ်းဖြစ်ရသူများ၊ ပဋိပက္ခအတွင်း မိဘမဲ့ဖြစ်ရသူများ/ကလေးငယ်များ စသည့် အုပ်စုတို့အလိုက် စိတ်ပိုင်းဆိုင်ရာ ပြန်လည်ကောင်းမွန်အောင် ပြုစုပျိုးထောင်ပေးရန် မျှော်လင့်ကြသည်။ ကလေးနှင့် လူငယ်များအတွက် ပညာရေးအပိုင်းတွင် နစ်နာမှုများစွာရှိပြီး ပညာရေးကဏ္ဍကို ဦးစားပေးရန် အလေးပေးဖော်ပြထားကြသည်။ ထို့အပြင် ပြန်လည်ပြုစုပျိုးထောင်သည့်ကာလတွင် (ဥပမာ- အမျိုးသမီး၊ ကလေး၊ မသန်စွမ်း နှင့် သက်ကြီးရွယ်အို) စသည့် ဦးတည်အုပ်စုများအလိုက် တိကျသည့် စီမံကိန်းများမည်သို့ဖော်ဆောင်ရမည့်အကြောင်းကိုလည်း ဖော်ပြထားကြသည်။ ပြန်လည်ပြုစုပျိုးထောင်သည့်ကာလတွင် အမျိုးသမီးများသည် ပြည်သူ့အစိုးရမှ ပေးအပ်သည့် စီးပွားရေးအထောက်အပံ့ဝန်ဆောင်မှုစသည်တို့အားဖြင့် စီးပွားရေးဆိုင်ရာ မြှင့်တင်ပေးမှု အခွင့်အလမ်းများရရှိရန် မျှော်လင့်ကြသည်။ ထို့အပြင် စစ်ရှောင်စခန်းများမှ မိသားစုများအနေဖြင့် ၎င်းတို့၏ နေအိမ်များပြန်လည်ဆောက်လုပ်ရာတွင် ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့မှုများရရှိရန်လည်း မျှော်လင့်ကြသည်။ အမျိုးသမီးများနှင့် မိန်းကလေးများသည် တော်လှန်ရေးတွင် ပုံစံ နှင့် အခန်းကဏ္ဍအမျိုးမျိုးတို့မှ ပါဝင်ကြသည်ဖြစ်ရာ ၎င်းတို့အနေဖြင့် အမျိုးသားများနှင့်တန်းတူ ၎င်းတို့၏ရဲရင့်မှုနှင့် စွန့်လွှတ်မှုများအတွက် အသိအမှတ်ပြုမှု ရရှိလိုကြသည်။ ထို့အပြင် ၎င်းတို့အနေဖြင့် ပြန်လည်ပြုစုပျိုးထောင်ရေးအဆင့်တွင် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် သီးခြားဦးတည်သည့် စီမံချက်များနှင့် စီမံကိန်းများရှိရန်ကိုလည်း မျှော်မှန်းကြသည်။

> *“လက်ရှိမှာ ပိုင်ဆိုင်မှုတွေနဲ့ မွေးထားတဲ့ တိရိစ္ဆာန်တွေအပါအဝင် အိုးအိမ်တွေဆုံးရှုံးရတဲ့ သူတွေရှိတယ်။ အိမ်မှာသုံးတဲ့ အသုံးအဆောင်တွေဘာတစ်ခုမှမရှိတော့ဘူး။ ဒါ့အပြင် တိုက်ပွဲတွေမှာ အသက်ဆုံးရှုံးသွားတာတွေရှိတယ်။ ထွက်ပြေးတိမ်းရှောင်တုန်း သေဆုံးသွားတဲ့ မိသားစုဝင်တွေ၊ မိုင်းနင်းမိလို့တို့၊ ကျည်ထိလို့တို့၊ အိမ်မှာပုန်းနေတုန်းနဲ့ တောထဲ ပုန်းနေတုန်း လက်နက်ကြီးပစ်ခံထိလို့ သေသွားတဲ့သူတွေလဲရှိတယ်။ တချို့လူတွေဆို ခန္ဓာကိုယ်အစိတ်အပိုင်းတွေ ဆုံးရှုံးသွားတာမျိုးရှိတော့ ကျွန်မတို့အနေနဲ့ ဒီလိုလူတွေကို အထူး စဉ်းစားပေးဖို့လိုပါတယ်”*
>
> *(IDI ဖြေဆိုသူ အမျိုးသမီး၊ မင်းတပ်)*

*"တော်လှန်ရေးအောင်သွားတဲ့အခါ ကျွန်တော်တို့အနေနဲ့ နေအိမ်အိုးအိမ် ဆုံးရှုံးသွားသူတွေအတွက် အိမ်ရာစီမံကိန်း ထောက်ပံ့ပေးဖို့အတွက် ပြည်သူ့အစိုးရကို တောင်းဆိုချင်ပါတယ်။ ဒါ့အပြင် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးဖို့နဲ့ (၁/၂ နှစ် စာချုပ်) နဲ့ အတိုးမဲ့ ချေးငွေ တွေပေးဖို့ကိုလည်း တောင်းဆိုချင်တယ်။ ကျွန်တော်တို့ရဲ့ ကလေးတွေအတွက် အကောင်းဆုံး ပညာရေးကို ပေးချင်တယ်၊ သူတို့ရဲ့ မိဘတွေကြုံတွေ့ရတဲ့ ခေတ်ဆိုးလိုမျိုး မဟုတ်ပဲနဲ့ပေါ့။"*

*(KII ဖြေဆိုသူ အမျိုးသား၊ ကရင်နီ)*

*"ပဋိပက္ခအပြီး ပြန်လည်ပြုစုပျိုးထောင်ရာမှာ အမျိုးသမီးတွေအနေနဲ့ အမျိုးသားများနဲ့အတူ ဒီ တော်လှန်ရေးနဲ့ တိုက်ပွဲမှာ ရဲဝံ့စွာ ပါဝင်ရပ်တည်ခဲ့တယ်လေ၊ဒါကြောင့် ပဋိပက္ခပြီးသွားတဲ့အခါကျရင် ကျွန်မတို့အနေနဲ့ အမျိုးသမီး အတွေအတွက် သီးသန့်ဖြစ်တဲ့ အထောက်အပံ့စီမံကိန်းတွေ လိုအပ်ပါတယ်"*

*(IDI ဖြေဆိုသူ အမျိုးသမီး၊ ဒီပဲယင်း၊ စစ်ကိုင်း)*

လေ့လာချက်ပြုလုပ်သည့် ဒေသများတွင် လူအများသည် အာဏာရှင်ကိုဖြုတ်ချရေးမှ အဓိကသော့ချက်ဖြစ်ကြောင်း ဖော်ပြထားသည်။ တိုင်းရင်းသားများ၏လိုအပ်ချက်ကို ထည့်သွင်းစဉ်းစားကာ၊ တန်းတူညီမျှအောင် လုပ်ဆောင်ပြီး၊ ဒီမိုကရေစီ ပြန်လည်ဆောက်တည်နိုင်သည့် အရပ်သားအစိုးရမှ အုပ်ချုပ်ရန် ဖယ်ဒရယ်ဒီမိုကရေစီ သာလျှင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး၊ ပြည်သူ့ လုံခြုံရေး၊ နှင့် ဒီမိုကရေစီကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ၎င်းတို့က မီးမောင်းထိုးပြထားကြသည်။

# ၄။ လေ့လာချက်ပြုလုပ်သည့် ဒေသများတွင် ပဋိပက္ခနှင့် အိုးအိမ်စွန့်ခွာရမှု လက်ရှိ အခြေအနေ

## ၄.၁ အာဏာသိမ်းမှု တစ်နှစ်အပြီး ချင်း၊ ကရင်နီ၊ ကရင် နှင့် စစ်ကိုင်းတို့တွင် ပဋိပက္ခအခြေအနေများ အား ခြုံငုံဖော်ပြချက်

ဆန္ဒပြမှုများမှသည် စစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုများကို တုံ့ပြန်ရန် ဒေသခံပြည်သူများ၏ လက်နက်ကိုင်တော်လှန်ရေးသို့ အသွင်ကူးပြောင်းခဲ့သည့် လက်နက်ကိုင်ပဋိပက္ခသည် အာဏာသိမ်းမှုတစ်နှစ်အပြီးတွင် ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းမှုအပြီးတွင် တိုင်းရင်းသားပြည်နယ်နှင့် တိုင်းများ၌ မတူညီသော ပဋိပက္ခပုံစံများကို တွေ့ရှိနိုင်သည်။ ယခင် အာဏာမသိမ်းမီက ပဋိပက္ခ သမိုင်းကြောင်းမရှိဖူးသည့် စစ်ကိုင်းတိုင်းသည် ယခုအခါတွင် လက်နက်ကိုင် တော်လှန်ရေးအင်အားစုများနှင့် စစ်တပ်အကြား တိုက်ပွဲများ မြင့်တက်မှုများရှိနေသည်။ ချင်းနှင့် ကရင်နီကဲ့သို့သော ပြည်နယ်များတွင် ဒေသခံတော်လှန်ရေးအင်အားစုများဖွဲ့စည်းလာကြပြီး အချို့တို့သည် စစ်တပ်အား လက်နက်ကိုင်တိုက်ပွဲဝင်ရန် ယခင်ကတည်ထောင်ထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း EAO/ERO များနှင့် လက်တွဲလာကြသည်။ လက်နက်ကိုင် တော်လှန်ရေးအင်အားစုများ နှင့် EAO/ERO တို့နှင့် အာဏာသိမ်းစစ်တပ် တပ်ဖွဲ့များအကြား တိုက်ပွဲများဆက်လက်ဖြစ်ပွားနေသည်။ လက်နက်ကိုင်ပဋိပက္ခနှင့် ဖြစ်စဉ် ဒေတာအချက်အလက်စီမံချက် (Armed Conflict Location and Event Data project) အရ အာဏာသိမ်းပြီးတစ်နှစ်အကြာတွင် လက်နက်ကိုင်ပဋိပက္ခများအတွင်း သေဆုံးမှုပေါင်း ၆,၁၂၀ ရှိကြောင်း အစီရင်ခံထားသည်။[23]

စစ်တပ်မှ မီးရှို့တိုက်ခိုက်မှုများနှင့် ဝင်ရောက်စီးနင်းမှုများကြောင့် ပြည်သူလူထုအိမ်ခြေပေါင်း ၄,၅၀၀ ကျော် ပျက်စီးခံခဲ့ရသည်။ ပြည်သူ့အိုးအိမ်နေအိမ် ထက်ဝက်ကျော်ခန့်တို့မှာ စစ်ကိုင်းတိုင်းမှဖြစ်ပြီး၊ ၉၀၀ ကျော်တို့မှာ ချင်းပြည်နယ်မှဖြစ်ကာ ကရင်နီပြည်နယ်တွင် ၃၀၀ နှင့် အခြားဒေသများတွင် ဒါဇင်နှင့်ချီ၍ရှိသည်။[24] စစ်တပ်မှ ဝင်ရောက် စီးနင်းမှုများနှင့် မီးရှို့တိုက်ခိုက်မှုများနှင့်၊ တိုင်းရင်းသားပြည်နယ်နှင့်တိုင်းများအတွင်း စစ်တပ်နှင့် လက်နက်ကိုင် တော်လှန်ရေးအင်အားစုများအကြား ပြင်းထန်သည့်တိုက်ပွဲများကြောင့် အိုးအိမ်စွန့်ခွာရသူ လူဦးရေ အဆမတန်တိုးများလာသည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မြန်မာ က ၂၀၂၂ ခုနှစ် မတ်လ ၁ ရက်နေ့တွင် အရေးပေါ် သတင်းကိုထုတ်ပြန်ခဲ့ပြီး၊ ၎င်းတွင် အာဏာသိမ်းမှုအပြီး ပြည်တွင်းအိုးအိမ်စွန့်ခွာရသူသည် အချိန် တစ်ပတ်အတွင်း ၄၅၁,၀၀၀ ဦးမှ ၅၀၃,၀၀၀ ဦးအထိ မြင့်တက်လာကြောင်း အထူးဖော်ပြထားသည်။ အာဏာမသိမ်းမီတွင် ပဋိပက္ခသမိုင်းကြောင်းမရှိဖူးသည့် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် အိုးအိမ်စွန့်ခွာရမှုဖြစ်စဉ် အသစ်များဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။[25] ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ နိုင်ငံတစ်ဝှမ်းတွင် စစ်ရှောင်ဒုက္ခသည်အရေ

[23] https://acleddata.com/dashboard/#/dashboard
[24] https://www.voanews.com/a/more-than-4-500-homes-razed-by-military-since-myanmar-coup-/6445578.html
[25] https://mizzima.com/article/year-roundup-2021-conflict-situation-myanmars-ethnic-states-and-regions

အတွက်ကိန်းဂဏန်းသည် ၈၇၀,၀၀၀ ဦးကျော်အထိရောက်ရှိခဲ့ကြောင်း UNHCR က ဖော်ပြထားသည်။ လေ့လာချက်ပြုလုပ်သည့် ဒေသများရှိ စစ်ရှောင်များအား UNHCR အရေးပေါ်နောက်ဆုံးသတင်းတွင် အမျိုးအစားခွဲခြားပြထားမှုအရ - ကရင်နီပြည်တွင် ၉၃,၈၀၀ ဦး၊ စစ်ကိုင်းတွင် ၁၇၁,၀၀၀ ဦး နှင့် ချင်းပြည်နယ်တွင် ၃၃,၂၀၀ ဦးတို့ဖြစ်သည်။ စစ်ကိုင်းပြည်တွင် စစ်ရှောင်အရေအတွက်အများဆုံးဖြစ်ပြီး၊ အဆိုပါအရေအတွက်သည် ယင်းတိုင်း၏ လူဦးရေ ၃၀၇,၁၉၄ ထက်ပင်များသော ကိန်းဂဏန်းဖြစ်ပြီး၊ ဒုတိယစစ်ရှောင်အများဆုံးမှာ ကရင်နီပြည်နယ်ဖြစ်ကာ၊ ချင်းပြည်နယ်သည် တတိယအများဆုံးဖြစ်သည်။ နိုင်ငံ၏ ဒုတိယအသေးဆုံးပြည်နယ်ဖြစ်သည့် ကရင်နီပြည်နယ်သည် စစ်ရှောင်များအတွက် ပြည်နယ်အတွင်း ထွက်ပြေးတိမ်းရှောင်ရန်နှင့် ခိုလှုံရာနေရာများရယူရန် ခက်ခဲပြီး အိုးအိမ်စွန့်ခွာရမှုကြီးကြီးမားမားရှိနေသည်။

## ၄.၂ ယာယီ ခိုလှုံရာနေရာများ/စခန်းများ/ဒေသခံ လူထုများ၏ အခြေအနေရပ်များအား ခြုံငုံဖော်ပြချက်

ဆက်လက်ဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခများကြောင့် စစ်ရှောင်များအတွက် စခန်းများစနစ်တကျဆောက်လုပ်ရာတွင် အခက်အခဲရှိနေသည်။ လူအများသည် ၎င်းတို့၏ နယ်မြေဒေသများအတွင်း ထွက်ပြေးတိမ်းရှောင်နေရပြီး ပို၍ ဘေးကင်းသောနေရာများသို့ ရွှေ့လျားသွားလာနေကြရသည်။ အစားအစာ၊ ခိုလှုံရာနေရာ၊ ရေ စသည်တို့မရှိသဖြင့် စစ်ရှောင်များသည် ၎င်းတို့၏ နေအိမ်များသို့ပြန်ကြရသော်လည်း လက်နက်ကိုင်ပဋိပက္ခများဆက်လက်ဖြစ်ပွားနေသဖြင့် အိမ်ပြန်သွားသူများမှာ အိုးအိမ်ထပ်မံစွန့်ခွာကြရပြန်သည်။ စစ်တပ်မှ ရက်စက်စွာတိုက်ခိုက်မှုများသည် ကရင်နီပြည်နယ်တွင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလကတည်းမှစ၍ ယခုအချိန်အထိရှိနေပြီး၊ စခန်းများသည်လည်း ဘေးကင်းမှုမရှိတော့ပါ။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် စခန်းကိုဦးတည်သည့်တိုက်ခိုက်မှုများ ကရင်နီပြည်နယ်တွင် ဖြစ်ပွားခဲ့ပြီး ကလေးငယ်များအပါအဝင် ပြည်သူများကို သေဆုံးစေခဲ့သည်။

စစ်ရှောင်အရေအတွက် တိုးများလာသဖြင့် အိုးအိမ်စွန့်ခွာရသူများအပြင် ဒေသခံပြည်သူလူထုများအတွက် အစားအစာ၊ ခိုလှုံရန်နေရာများ၊ ထောက်ပံ့ကယ်ဆယ်ရေးပစ္စည်းများ၊ နှင့် အသက်ကယ် ဝန်ဆောင်မှုများ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးစသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလိုအပ်ချက်များ မြင့်တက်လျက်ရှိသည်။ စစ်တပ်သည် နိုင်ငံအတွင်း ပဋိပက္ခဒေသများထံသို့ လူသားချင်းစာထောက်ထားမှုဆိုင်ရာအထောက်အပံ့များရယူလက်လှမ်းမှီနိုင်မှုကိုလျှော့ချပြီး၊ ထောက်ပံ့မှုများကို ပိတ်ဆို့ကာ ခရီးသွားလာခွင့်ပိတ်ပင်ထားသည်။ ကရင်နီပြည်နယ်တွင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် အခြားထိခိုက်နစ်နာသူများအနက် Save The Children အဖွဲ့မှ ဝန်ထမ်းနှစ်ဦး သတ်ဖြတ်ခံရသည့် အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ပွားပြီးနောက် နိုင်ငံတကာအစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ ကမ္ဘာ့ကုလသမဂ္ဂ အေဂျင်စီများ၏ လုပ်ငန်းများ ဆိုင်းငံ့ခဲ့သည်။ စစ်ကိုင်းတိုင်းအတွင်း စခန်းများ၊ ခိုလှုံရာနေရာများနှင့် ဒေသခံလူထုများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရယူလက်လှမ်းမှီမှုများစသည့် လက်ရှိအခြေအနေများနှင့်စပ်လျဉ်းသည့် ဒေတာအချက်အလက်မရှိပါ။ ဒေသခံနှင့် နိုင်ငံတကာ သတင်းဌာနများအရ စစ်ကိုင်းတိုင်းရှိပဋိပက္ခအသက်ရောက်ခံနယ်မြေဒေသများမှ လူထုတို့သည် တောတွင်းနှင့် နီးစပ်ရာ ကျေးရွာများသို့ထွက်ပြေးတိမ်း

ရှောင်ကြရပြီး၊ သင့်တော်သည့် စခန်းအခင်းအကျင်းမရှိပဲ အခက်အခဲရှိသည့်အခြေအနေရပ်များရင်ဆိုင်နေကြရကြောင်းဆိုသည်။ ချင်းနှင့် ကရင်နီပြည်နယ်တို့မှ လေ့လာချက်ပြုလုပ်ခဲ့သည့်အခြားနေရာများနှင့် နှိုင်းစာလျှင် UNHCR ဒေတာအရ အိုးအိမ်စွန့်ခွာထွက်ပြေးရမှုနှုန်းမြင့်မားမှုသည် စစ်တပ်နှင့် စစ်တပ်ကျောထောက်နောက်ခံရှိသည့် ပျူစောထီးအဖွဲ့များမှ ဆက်လက်ပြီး ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ခြင်း၊ လူနေအိမ်များ၊ ဘုန်းကြီးကျောင်းများ၊ မွေးမြူရေးတိရိစ္ဆာန်များနှင့် ပြည်သူပိုင်ပစ္စည်းဥစ္စာများအား မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများနှင့် လေကြောင်းမှတစ်ဆင့် ပစ်ခတ်တိုက်ခိုက်ခြင်း စသည်တို့ကြောင့်ဖြစ်သည်။ ထောက်ပံ့ကူညီရေးလုပ်သားများနှင့် ဒေသခံ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ယင်းသတင်းဌာနများ၏ အင်တာဗျူးမေးမြန်းချက်များအရ လူသားချင်း စာနာထောက်ထားမှုအထောက်အပံ့နှင့်လုပ်ငန်းများဆောင်ရွက်ရန် ပါဝင်သက်ဆိုင်သူအားလုံးအတွက် ခက်ခဲလျက်ရှိနေသည်။[26] လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့မှုများအပေါ် တားမြစ်ကန့်သတ်ခြင်းနှင့် ဗျူရိုကရေစီအာဏာဆန်ဆန် ဖိနှိပ်မှုသည် လူထု၏ ဆင်းရဲဒုက္ခများကို သက်ဆိုးရှည်စေသည်။[27] လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီမှုလိုအပ်ချက်များ မြင့်မားလျက်ရှိသော်လည်း အထိခိုက်ခံလူထုအနေဖြင့်ကူညီထောက်ပံ့ရေးလုပ်သားများနှင့် အဖွဲ့အစည်းများကို ရယူလက်လှမ်းမှီနိုင်မှုမရှိပဲ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေရပ်များမှာ လျင်မြန်စွာယိုယွင်းပျက်စီးလျက်ရှိသည်။

## ၄.၃ ဂျဲန်ဒါနှင့်ပတ်သက်သည့် ထိခိုက်လွယ်မှု

အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် ကလေးသူငယ်များသည် လက်ရှိ လက်နက်ကိုင်ပဋိပက္ခများကြောင့် ထိခိုက်သက်ရောက်ခံရသည်။ ၎င်းတို့အနေဖြင့် အကြပ်အတည်းအတွင်း ဘေးကင်းမှုနှင့် အကာအကွယ်မရရှိခြင်းတို့ကြောင့် နောက်ဆက်တွဲအကျိုးဆက်များ ခံစားကြရသည်။ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနအရ ပြည်သူလူထုသေဆုံးမှု၏ ၇.၂% တို့သည် ကလေးသူငယ်များဖြစ်ပြီး စစ်ကိုင်းတိုင်းတွင်အများဆုံးဖြစ်ကာ၊ ကရင်နီပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဒုတိယအများဆုံးဖြစ်သည်။ သေဆုံးသူအားလုံး၏ ၈% တို့မှာ အမျိုးသမီးများဖြစ်ပြီး၊ ကလေးသူငယ်သေဆုံးမှုဒေတာကဲ့သို့ပင် ကရင်နီပြည်နယ်နှင့် ချင်းပြည်နယ်တို့နှင့်နှိုင်းစာလျှင် စစ်ကိုင်းတိုင်းတွင်အများဆုံးဖြစ်သည်။[28] ဒေသခံသတင်းဌာနများ၏ဖော်ပြချက်အရ ၂၀၂၂ ခုနှစ် မတ်လ ပထမအပတ်တွင် စစ်တပ်တပ်ဖွဲ့များသည် ကရင်နီပြည်နယ် မှ လွိုင်ကော်မြို့နယ်၊ ကရင်ပြည်နယ်မှ ဖာပွန်၊ မကွေးတိုင်းမှ ယင်းမာပင်နှင့် ပေါက်တို့မှ ကလေး ၁၀ ဦးကိုသတ်ဖြတ် ခဲ့ကြောင်းဖော်ပြထားသည်။ မြန်မာနိုင်ငံတစ်ဝှမ်းရှိ အိုးအိမ်စွန့်ခွာရသူစစ်ရှောင် စုစုပေါင်းအနက် ၃၇% တို့သည် ကလေးသူငယ်များဖြစ်ကြသည်။ Save The Children ၏ ဒေတာအရ လွန်ခဲ့သည့်နှစ်အတွင်း ကလေးသူငယ်ပေါင်း ၁၅၀,၀၀၀ တို့သည် ၎င်းတို့၏နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရသည်။[29] ထို့အပြင် ကလေးများသည် ဗုံးခွဲခြင်း၊ ဝင်ရောက်စီနင်းခြင်းနှင့် ပစ်ခတ်ခြင်းတို့ကြောင့် သေဆုံးကြရသည်။ အစားအစာနှင့်

[26] https://www.thenewhumanitarian.org/news/2022/2/1/multiple-crises-spiral-Myanmar-one-year-after-coup
[27] https://reliefweb.int/report/myanmar/myanmar-humanitarian-update-no-15-15-february-2022
[28] https://www.facebook.com/photo?fbid=291486129781113&set=pcb.291486623114397
[29] https://www.savethechildren.net/news/violence-intensifies-myanmar-least-150000-children-forced-their-homes-year-military-coup

ကျန်းမာရေးဝန်ဆောင်မှုများလက်လှမ်းမမီသည့် ကလေးငယ်များသည် ဝက်မွှတ်ခေါင်းပါးခြင်းနှင့် ဖျားနာခြင်းတို့ဖြင့် ထိရှလွယ်သည်။ ပဋိပက္ခအသက်ရောက်ခံနယ်မြေဒေသများရှိ အမျိုးသမီးများသည် ဘေးကင်းရေးပြဿနာများ ရင်ဆိုင်နေကြရသည်သာမကပဲ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရနိုင်သည့်အန္တရာယ်များနှင့်လည်းရင်ဆိုင်နေကြရကာ၊ အထူးသဖြင့် နို့တိုက်နှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက် သန့်ရှင်းရေးပစ္စည်းများနှင့် အစာအာဟာရများ ရယူလက်လှမ်းမှီနိုင်မှု မရှိပဲ ရှိသည်။ ပဋိပက္ခနယ်မြေဒေသများရှိ ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် နာတာရှည် စိတ်ဖိစီးမှုကြောင့် ကိုယ်ဝန် မွေးဖွားရက်လွန်မှုများခံစားကြရသည်။ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနမှ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် နို့တိုက် မိခင်များအား ကူညီထောက်ပံ့ပေးသည့် စီမံကိန်းအရ စစ်ကိုင်းတိုင်း တန့်ဆည်တွင် ကိုယ်ဝန်ဆောင်အမျိုးသမီး ၁၀ ဦးအနက် ၄ ဦးတို့မှာ မွေးဖွားရက်လွန်ကြပြီး၊ မကွေးတိုင်း ဂန့်ဂေါတွင် ကိုယ်ဝန်ဆောင်အမျိုးသမီး ၆ ဦးအနက် ၃ ဦးတို့မှာ မွေးဖွားရက်လွန်ကြကာ၊ ကရင်ပြည်နယ် လေးကေ့ကော်တွင် စစ်ရှောင်စခန်းရှိ ကိုယ်ဝန်ဆောင်အမျိုးသမီး ၆ ဦးအနက် ၃ ဦးတို့မှာ မွေးဖွားရက်လွန်ကြပြီး၊ အခြားစစ်ရှောင်စခန်းတစ်ခုတွင်လည်း ကိုယ်ဝန်ဆောင်အမျိုးသမီး ၅ ဦးအနက် ၂ ဦးတို့မှာ မွေးဖွားရက်လွန်ကြကြောင်းတွေ့ရသည်။ အမျိုးသမီးများသမဂ္ဂအဖွဲ့ (မြန်မာနိုင်ငံ) - WLB ၏ ဖော်ပြချက်အရ တိုင်းရင်းသားပြည်နယ်များဖြစ်သည့် ချင်း၊ ကချင်၊ ရှမ်း ပြည်နယ်၊ နှင့် စစ်ကိုင်း တိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် စစ်သားများမှ ကျူးလွန်သည့် မုဒိန်းမှုနှင့် လိင်ပိုင်းဆိုင်ရာ ထိပါးစော်ကားမှုဖြစ်စဉ် ၉ ခုရှိခဲ့ကြောင်းဆိုသည်။ ရှင်သန်လွတ်မြောက်လာသူများတွင် ကိုယ်ဝန်ဆောင်၊ နို့တိုက် မိခင်တစ်ဦးလည်းပါဝင်ခဲ့သည်။[30] ထို့အပြင် အာဏာသိမ်းပြီးနောက်ပိုင်းတွင် အမှုဖြစ်စဉ် အရေအတွက်များ သိသာထင်ရှားစွာမြင့်တက်လာကြောင်း WLB က အထူးဖော်ပြထားသည်။ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် စစ်သားများနှင့် ပျူစောထီးတို့မှ ကျူးလွန်သည့် မုဒိန်းမှုဖြစ်စဉ်များ အကြောင်းကို ဒေသခံ သတင်းမီဒီယာ ဌာနများနှင့် လူမှုကွန်ယက်သတင်းမီဒီယာစာမျက်နှာများပေါ်တွင် အများအပြားဖော်ပြခဲ့သည်။ ယင်းတိုင်းဒေသကြီးများရှိ မုဒိန်းမှုဖြစ်စဉ်အချို့တို့ကို အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြထားသည်။ ဖြစ်စဉ်တစ်ခုမှာ စစ်ကိုင်းတိုင်းရှိ တန့်ဆည်မြို့နယ် ဒေသရှိ နို့တိုက်မိခင်တစ်ဦး၏အကြောင်းဖြစ်သည်။ အခြားဖြစ်စဉ်တစ်ခုမှာ မကွေးတိုင်း ဒေသရှိ ပေါက်မြို့နယ်မှ အသက် ၃ နှစ်အရွယ် မိန်းကလေးတစ်ဦး၏ မိခင်အကြောင်းဖြစ်ပြီး ယင်းဖြစ်စဉ်နှစ်ခုလုံး၏ အမျိုးသမီးများသည် သတ်ဖြတ်ခံခဲ့ရခြင်းဖြစ်သည်။ သို့သော်လည်း ပဋိပက္ခအသက်ရောက်ခံလူမှုအသိုင်းအဝိုင်းနှင့် စိစစ်ရယူထားသည့် ဒေတာအချက်အလက်စနစ်တကျမရှိသေးပါ။ စစ်ရှောင်စခန်းများတွင် ပုဂ္ဂိုလ်ရေးရာလုံခြုံမှုအတွက် ကန့်သတ်ချက်များနှင့် တားမြစ်ချက်များရှိပြီး နေထိုင်ရသည့် ဆိုးရွားသည့် အခြေအနေရပ်များကြောင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုမှုနှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှု ခံရနိုင်သည့်အန္တရာယ် မြင့်မားလျက်ရှိသည်။[31] ပဋိပက္ခအသက်ရောက်ခံနယ်မြေဒေသများနှင့် စစ်ရှောင်စခန်းအခင်းအကျင်းနေရာများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် ကျန်းမာရေး

[30] https://www.rfa.org/english/news/myanmar/military-rape-12032021170414.html
[31] OCHA, Humanitarian Need Overview, issued December, 2021

ဝန်ဆောင်မှုများ နှောင့်နှေးကြန့်ကြာခြင်းသည် အမျိုးသမီးများ၏ မျိုးဆက်ပွားကျန်းမာရေးပြဿနာရပ်များနှင့် နေ့စဉ်လိုအပ်ချက်များအပေါ် အပြုသဘောမဆောင်သည့် ထိခိုက်သက်ရောက်မှုများရှိနေစေသည်။

# ၅။ နိဂုံးချုပ်နှင့် အကြံပြုချက်များ

စစ်ရှောင်ဒုက္ခသည်များအရေအတွက်သည် နေ့စဉ်နှင့်အမျှ တိုးများလာနေသည်။ အထူးသဖြင့် ဒီပဲယင်းနှင့် ယင်းမာပင်တို့တွင် စစ်ရှောင်လူထုများအတွက် ထောက်ပံ့မှုနှင့် လှူဒါန်းမှုများ အထူးအကန့်အသတ်ရှိပြီး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများသည် အသက်ရောက်ခံနယ်မြေဒေသများသို့ ညီမျှစွာမရောက်ရှိပဲ အထူးသဖြင့် ဒီပဲယင်းနှင့် ယင်းမာပင်တို့သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကို ပို၍လိုအပ်လျက်ရှိသည်။ စစ်ရှောင်များ အရေအတွက်များပြားသိပ်သည်းမှုကြောင့် လက်ရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များသည် ကန်ပက်လက်၊ မင်းတပ်၊ ဒီးမော့ဆိုနှင့် ရှားတောနယ်မြေဒေသများရှိ စစ်ရှောင်စခန်းများအတွက် လုံလောက်မှုမရှိပါ။ အင်တာဗျူးမေးမြန်းချက်များအရ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ အမျိုးသားညီညွတ်ရေးအစိုးရ၏ ဝန်ကြီးဌာနများနှင့် စစ်ရှောင်စခန်းများတို့အကြား စေ့စပ်လုပ်ဆောင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့တွင်လည်း အကန့်အသတ်များရှိကြောင်းကိုလည်းတွေ့ရှိရသည်။ စခန်းနှင့် ခိုလှုံရာနေရာများ၏ အခင်းအကျင်းပုံစံများသည် ရေကြီးခြင်း၊ မိုးကြီးခြင်း စသည့် ရာသီဥတုဒဏ်များကို ကြံ့ကြံ့ခံနိုင်ခြင်းမရှိပဲ အလွယ်တကူပျက်စီးနိုင်သည်။ လစဉ်သုံးပစ္စည်း၊ အတွင်းခံစသည့် အခြေခံလိုအပ်ချက်များ၊ ပုဂ္ဂိုလ်ရေးရာလွတ်လပ်မှုနှင့် လုံခြုံမှုပေးနိုင်သည့် အိမ်သာများစသည်တို့နှင့်ပတ်သက်ပြီး အမျိုးသမီးများနှင့် မိန်းကလေး ငယ်များအတွက် စဉ်းစားချက်များတွင် အကန့်အသတ်ရှိသည်။ စခန်းခေါင်းဆောင်အများစုတို့သည် အမျိုးသားများဖြစ်သဖြင့် လစဉ်သုံးပစ္စည်းများ၊ အတွင်းခံများ၊ နှင့် အိမ်သာစသည့် သန့်ရှင်းရေးအသုံးအဆောင်နေရာများစသည့် အမျိုးသမီးသုံးကုန်များနှင့်  တစ်ကိုယ်ရည်လုံခြုံရေးစသည်တို့နှင့်စပ်လျဉ်းပြီး အမျိုးသမီးများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် ထည့်သွင်းစဉ်းစားပေးရာတွင် ကန့်သတ်ချက်များရှိနေသည်။ အထူးသဖြင့် ဒီပဲယင်းနှင့် ယင်းမာပင်ဒေသများ၏ စခန်းများနှင့် ဒေသခံလူထုအသိုင်းအဝိုင်းများအကြား စနစ်တကျတည်ထောင်ထားသည့် စခန်းစီမံခန့်ခွဲရေးကော်မတီများမရှိပါ။ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် မွေးကင်းစကလေးငယ်များစသည်တို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုများ လုံးဝ လစ်လပ်လျက် ရှိသည်။ ပဋိပက္ခအသက်ရောက်ခံရသည့်အခင်းအကျင်းများတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် သားဆက်ခြားခြင်း၊ အရေးပေါ်သားဆက်ခြားဆေးဝါးများနှင့်အခြားလိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး ဝန်ဆောင်မှု (SRH) စသည့် မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှုများ မရှိပဲ၊ များစွာလိုအပ်လျက်ရှိသည်။ ပဋိပက္ခသက်ရောက်သည့်ဒေသများတွင် မုဒိန်းမှုနှင့် လိင်ပိုင်းဆိုင်ရာထိပါးမှုဖြစ်စဉ်များ မြင့်တက်နိုင်ချေများသည်ဖြစ်ရာ မလိုလားသော ကိုယ်ဝန်ဆောင်လွယ်ရမှုများအတွက် အရေးပေါ် သားဆက်ခြားခြင်း၊ လူမှုစိတ်ပိုင်းဆိုင်ရာ ကူညီထောက်ပံ့ခြင်းနှင့်၊ လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုမှရှင်သန်လွတ်မြောက်လာ သူများအတွက် ခုခံအားကျဆင်းမှုကူးစက်ရောဂါ ပိုး (HIV) အပါအဝင် လိင်မှတစ်ဆင့်ကူးစက်သော ရောဂါအန္တရာယ်များမြင့်မားလာနိုင်သဖြင့် ၎င်းတို့ကိုလျှော့ချရန်အတွက် Post-Exposure Prophylaxis ခေါ် PEP ဆေးဝါးများပေးခြင်း စသည်တို့ လိုအပ်လျက်ရှိသည်။ လေ့လာချက်ပြုလုပ်သည့် နေရာဒေသများတွင် စခန်းအခင်းအကျင်းများအပြင် ဒေသခံလူထုများအတွင်းတွင်လည်း ကလေးသူငယ်များနှင့်

လူငယ်များအတွက် သင့်တော်သည့် ပညာသင်ကြားရေးအစီအစဉ်များ မရှိနေပါ။ နောက်ဆုံးအနေဖြင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များပါဝင်နေသည့် မိသားစုများသည် ကိုယ်ဝန်ဆောင်ခြင်းနှင့် နို့တိုက်ခြင်းနှင့်သက်ဆိုင်သည့် ပြဿနာများအကြောင်း အထူးအလေးပေးဖော်ပြထားပြီး၊ စခန်းခေါင်းဆောင်များအပါအဝင် အခြားသူများမှာ ယင်းအကြောင်းအရာများကိုဖော်ပြထားခြင်းမရှိပါ။ ယင်းတွေ့ရှိချက်များအရ သုတေသနအဖွဲ့အနေဖြင့် ပဋိပက္ခကာလအတောအတွင်း အရေးပေါ်ထောက်ပံ့မှု၊ ပြန်လည်ပြုစုပျိုးထောင်ရေးအဆင့်တွင် ရေတိုထောက်ပံ့မှု၊ နှင့် ပြန်လည်ပြုစုပျိုးထောင်ရာတွင် ရေရှည်ထောက်ပံ့မှု စသည့် အောက်ပါ အကြံပြုချက်အတွဲများကို ဖော်ပြပါအတိုင်း တိုက်တွန်းပေးအပ်ပါသည် -

- ပိုမိုကြီးမားသော စခန်းနေလူထု၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အလားအလာရှိသည့် အလှူရှင်များတို့မှင့် ပူးပေါင်းလုပ်ဆောင်နိုင်ရန်အတွက် စခန်းနှင့် ဒေသခံလူထုအတွင်း စီမံခန့်ခွဲရေးကော်မတီများ ဖော်ဆောင်ရန်
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စစ်တမ်းကောက်ယူပြီး၊ တုံ့ပြန်ရေးအစီအစဉ်များနှင့် ဆောင်ရွက်ချက်များ ဖော်ဆောင်ရန်
- ပဋိပက္ခအသက်ရောက်ခံနယ်မြေဒေသများအတွင်း လိင်ပိုင်းဆိုင်ရာနှင့်ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှု (SGBV) ဖြစ်စဉ်များအကြောင်း အကဲဖြတ်ဆန်းစစ်ချက်နှင့်၊ ပဋိပက္ခအသက်ရောက်ခံနယ်မြေဒေသများနှင့် အိုးအိမ်စွန့်ခွာရသည့် စစ်ရှောင်အခင်းအကျင်းများတွင် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုအတွက် ဝန်ဆောင်မှုများရယူလက်လှမ်းမှီနိုင်မှုအကြောင်း သုတေသန တို့ကို ပြုလုပ်ရန်
- အမျိုးသမီးများ/မိန်းကလေးငယ်များ၊ နို့တိုက်အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် အတွင်းခံများ၊ လစဉ်သုံးတစ်ကိုယ်ရည်ပစ္စည်းများ၊ မွေးကင်းစကလေးငယ်အသုံးအဆောင်များ၊ နို့မှုန့်များ၊ ကလေးများအတွက် ဖြည့်စွက်စာနှင့် အစာအာဟာရများ၊ စသည့် လိုအပ်ချက်များကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများနှင့် kits များအတွင်းတွင် ပါဝင်အောင်ထည့်သွင်းစဉ်းစားရမည်
- သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပဋိပက္ခအသက်ရောက်ခံနေရာဒေသနှင့် အခင်းအကျင်းများတွင် GBV ဝန်ဆောင်မှုများအပါအဝင် လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှုများပေးအပ်ရန် အရေးပေါ်အစီအစဉ်များဖော်ဆောင်ရန်
- ပဋိပက္ခအသက်ရောက်ခံနယ်မြေဒေသများမှ အမျိုးသမီး၊ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းများ၏ စိတ်ပိုင်းဆိုင်ရာ ပြဿနာရပ်များကို ဖြေရှင်းရန်အတွက် အစီအစဉ်တစ်ရပ် ရေးဆွဲဖော်ဆောင်ရန်
- အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ နှင့် ဖောင်ဒေးရှင်းများမှတစ်ဆင့် ကလေးသူငယ်များအတွက် ကျန်းမာရေး စီမံကိန်းများဖန်တီးပြီး အကောင်အထည်ဖော်ဆောင်ရန်
- နိုင်ငံတကာအဖွဲ့အစည်းများမှပေးအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများ ရယူလက်လှမ်းမှီနိုင်မှု နည်းပါးသည့် စစ်ကိုင်းတိုင်းတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ် ကူညီ

ထောက်ပံ့မှုပေးအပ်နိုင်ရေးအတွက် ဖွံ့ဖြိုးရေးမိတ်ဖက်များ သို့မဟုတ် ကုလသမဂ္ဂအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်ရန်

- စုပေါင်းဆောင်ရွက်နိုင်ရေးအတွက် စခန်းစီမံခန့်ခွဲရေး ကော်မတီများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ အစိုးရဝန်ကြီးဌာနများအကြား ကွန်ယက်ချိတ်ဆက်ခြင်းနှင့် ညှိနှိုင်းခြင်း လုပ်ငန်းများဖော်ဆောင်ရန်

# ၆။ နောက်ဆက်တွဲ

## ပါဝင်ဖြေဆိုသူများစာရင်း (KII)

| နံပါတ် | ကုဒ် | ကျဲန်ဒါ | အသက် | အခန်းကဏ္ဍ | ပညာအရည်အချင်း | နေရာ အမည် |
|---|---|---|---|---|---|---|
| ၁ | KII-KPL-01 | ကျား | ၅၀ | N/A | Grade 9 | ကရိုင်းရွာ |
| ၂ | KII-KPL-02 | ကျား | ၃၀ | N/A | B.A (Geo) | ကရိုင်းရွာ |
| ၃ | KII-KPL-03 | မ | ၂၂ | N/A | Grade 9 | ကရိုင်းရွာ |
| ၄ | KII-KPL-04 | ကျား | ၆၀ | N/A | Grade 8 | အညာကတင်း စခန်း |
| ၅ | KII-KPL-05 | မ | ၂၇ | N/A | Nurse | အညာကတင်း စခန်း |
| ၆ | KII-KPL-06 | မ | ၄၂ | N/A | B.Sc(Maths) | အညာကတင်း စခန်း |
| ၇ | KII-MD-02 | ကျား | ၃၁ | စခန်းလူထု ကိုယ်စားလှယ် | တက္ကသိုလ် ဘွဲ့ရ | ဝန်းမသူ စခန်း |
| ၈ | KII-MD-03 | မ | ၂၈ | စခန်း အကူ | တက္ကသိုလ် ဘွဲ့ရ | ဝန်းမသူ စခန်း |
| ၉ | KII-MD-04 | ကျား | ၃၁ | စခန်း အကူ | B.A (Eng.) | လုပ်ရှဲ စခန်း |
| ၁၀ | KII-MD-05 | မ | ၄၀ | အကြီးတန်း သူနာပြု | B.A (His.) | လုပ်ရှဲ စခန်း |
| ၁၁ | KII-MD-06 | မ | ၂၁ | N/A | B.A | လုပ်ရှဲ စခန်း |
| ၁၂ | KII-TBY-01 | ကျား | ၃၅ | စခန်း ခေါင်းဆောင် | B.A (Myanmar) | တောတိုက်၊ တောတွင်း တစ်နေရာ |
| ၁၃ | KII-TBY-02 | ကျား | ၃၄ | စခန်း စေတနာ့ဝန်ထမ်း | Grade 11 | တောတိုက်၊ တောတွင်း တစ်နေရာ |
| ၁၄ | KII-TBY-03 | မ | ၃၄ | စစ်ရှောင်လူထု၏ ကိုယ်စားလှယ် | Grade 11 | တောတိုက်၊ တောတွင်း တစ်နေရာ |
| ၁၅ | KII-TBY-04 | ကျား | ၃၂ | စစ်ရှောင်လူထု၏ ကိုယ်စားလှယ် | Grade 6 | တောတိုက်၊ တောတွင်း တစ်နေရာ |
| ၁၆ | KII-TBY-05 | မ | ၂၈ | စစ်ရှောင်လူထု၏ ကိုယ်စားလှယ် | Grade 5 | တောတိုက်၊ တောတွင်း တစ်နေရာ |
| ၁၇ | KII-TBY-06 | ကျား | ၂၅ | စစ်ရှောင်လူထု၏ ကိုယ်စားလှယ် | Grade 10 | တောတိုက်၊ တောတွင်း တစ်နေရာ |
| ၁၈ | KII-YMB-01 | ကျား | ၄၉ | N/A | B.A(History) | ကျောက်ကုန်းရွာ၊ ယင်းမာပင် |
| ၁၉ | KII-YMB-02 | ကျား | ၃၅ | ယခင် ဆယ်အိမ်မှူး ဟောင်း | Grade 10 | ကျောက်ကုန်းရွာ၊ ယင်းမာပင် |

| | | | | | | |
|---|---|---|---|---|---|---|
| ၂၀ | KII-YMB-03 | ကျား | ၅၄ | ရပ်ကျေးဥက္ကဌ | Grade 5 | သံဘိုရွာ |
| ၂၁ | KII-YMB-04 | ကျား | ၄၀ | N/A | Grade 5 | သံဘိုရွာ |
| ၂၂ | KII-YMB-05 | မ | ၄၁ | N/A | ဘွဲ့ရ | သံဘိုရွာ |
| ၂၃ | KII-YMB-06 | ကျား | ၅၂ | N/A | Grade 8 | သံဘိုရွာ |
| ၂၄ | KII-KYH-01 | မ | ၂၄ | စစ်ရှောင်လူထု၏ ကိုယ်စားလှယ် | တတိယနှစ် (ဓါတုဗေဒ) | သရက်ကုန်းစခန်း |
| ၂၅ | KII-KYH-02 | ကျား | ၃၅ | စခန်းခေါင်းဆောင် | Grade 7 | နားခိုရာ စခန်း |
| ၂၆ | KII-KYH-03 | မ | ၃၆ | စခန်း အကူ | နောက်ဆုံးနှစ် (သမိုင်း) | နားခိုရာ စခန်း |
| ၂၇ | KII-KYH-04 | ကျား | ၃၀ | စခန်း အကူ | - | ဝါရီစူပီ ကျောင်း |
| ၂၈ | KII-KYH-05 | ကျား | ၂၇ | စခန်း အကူ | B.A (Eng) | ဘိုရာ စခန်း |
| ၂၉ | KII-KYH-06 | မ | ၃၀ | စခန်း အကူ | Grade 11 | ဒေါတမီး စခန်း |
| ၃၀ | KII-KYH-07 | ကျား | ၄၀ | စခန်း အကူ | Grade 11 | ဒေါနို့ခူ စခန်း |
| ၃၁ | KII-KYH-08 | မ | ၂၅ | စခန်း အကူ | Grade 11 | ချိကယ်၊ ဌေးသမာ ရပ်ကွက်၊ ကေထူးဘို |
| ၃၂ | KII-KYH-09 | မ | ၃၀ | စခန်း အကူ | B.Sc | ဆင်စခန်း |
| ၃၃ | KII-KYH-10 | မ | ၃၃ | စခန်း အကူ | တက္ကသိုလ် ဘွဲ့ရ | ပိကင်းစခန်း |

## ပါဝင်ဖြေဆိုသူများစာရင်း (IDI)

| Sr | Code | Gender | Age | Work/Livelihood | Education | Name of the place |
|---|---|---|---|---|---|---|
| ၁ | IDI-KPL-C1 | ကျား | ၄၀ | တောင်သူလယ်သမား | Grade 5 | အညာကတင်း စခန်း |
| ၂ | IDI-KPL-C2 | ကျား | ၅၅ | တောင်သူလယ်သမား | Grade 9 | အညာကတင်း စခန်း |
| ၃ | IDI-KPL-C3 | မ | ၄၂ | တောင်သူလယ်သမား | Grade 5 | အညာကတင်း စခန်း |
| ၄ | IDI-KPL-C4 | မ | ၁၉ | မှီခို | Grade 10 | အညာကတင်း စခန်း |
| ၅ | IDI-KPL-C5 | ကျား | ၂၆ | မှီခို | Grade 10 | အညာကတင်း စခန်း |
| ၆ | IDI-KPL-V1 | ကျား | ၂၆ | ပညာရေးဝန်ထမ်း (CDM) | Grade 11 | ချောင်းရိုင်းရွာ |
| ၇ | IDI-KPL-V2 | ကျား | ၄၆ | ခရစ်ယာန်ဘုန်းတော်ကြီး | M-Div | ချောင်းရိုင်းရွာ |
| ၈ | IDI-KPL-V3 | မ | ၂၇ | TA (ပညာရေး) | Grade 10 | ချောင်းရိုင်းရွာ |
| ၉ | IDI-KPL-V4 | ကျား | ၃၅ | စိုက်ပျိုးရေး | Grade 11 | ချောင်းရိုင်းရွာ |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၀ | IDI-KPL-V5 | မ | ၃၆ | မှီခို | Grade 10 | ချောင်းရိုင်းရွာ |
| ၁၁ | IDI-MD-C1 | ကျား | ၂၈ | N/A | Grade 10 | လုပ်ရှဲ စခန်း |
| ၁၂ | IDI-MD-C2 | ကျား | ၄၉ | N/A | တက္ကသိုလ် ဘွဲ့ရ | လုပ်ရှဲ စခန်း |
| ၁၃ | IDI-MD-C3 | မ | ၄၃ | N/A | B.A | လုပ်ရှဲ စခန်း |
| ၁၄ | IDI-MD-C4 | မ | ၂၂ | N/A | ဒုတိယနှစ် (ပထဝီ) | လုပ်ရှဲ စခန်း |
| ၁၅ | IDI-MD-C5 | မ | ၃၆ | N/A | B.A (Geo) | လုပ်ရှဲ စခန်း |
| ၁၆ | IDI-MD-V1 | ကျား | ၃၂ | CDM ဝန်ထမ်း | တက္ကသိုလ် ဘွဲ့ရ | ဝန်းမသူ စခန်း |
| ၁၇ | IDI-MD-V2 | ကျား | ၃၈ | ကျန်းမာရေး လုပ်သား | တက္ကသိုလ် ဘွဲ့ရ (ဥပဒေ) | ဝန်းမသူ စခန်း |
| ၁၈ | IDI-MD-V4 | ကျား | ၂၆ | NGO ဝန်ထမ်း | တက္ကသိုလ် ဘွဲ့ရ | ဝန်းမသူ စခန်း |
| ၁၉ | IDI-MD-V5 | မ | ၃၅ | သူနာပြု | B.A(Eco.) | ဝန်းမသူ စခန်း |
| ၂၀ | IDI-MD-11 | မ | ၄၂ | နယ်ခံ NGO ဝန် | တက္ကသိုလ် ဘွဲ့ရ | မနားတာ |
| ၂၁ | IDI-TBY-01 | မ | ၂၈ | တောင်သူလယ်သမား | B.A (Histroy) | တောတိုက် ရွာ |
| ၂၂ | IDI-TBY-02 | မ | ၃၀ | တောင်သူလယ်သမား | Grade 5 | မရခန်း ရွာ |
| ၂၃ | IDI-TBY-03 | ကျား | ၂၈ | ကုန်ရောင်း | Grade 10 | နဂါးထွင်းရွာ |
| ၂၄ | IDI-TBY-04 | မ | ၂၀ | ဆေးဘက်ဆိုင်ရာ စေတနာ့ဝန်ထမ်း | ရူပဗေဒ ဒုတိယနှစ် | ဘမရှောင် စခန်း |
| ၂၅ | IDI-TBY-05 | မ | ၂၀ | ဆေးဘက်ဆိုင်ရာ စေတနာ့ဝန်ထမ်း | အင်္ဂလိပ်စာ တတိယနှစ် | ဘမရှောင် စခန်း |
| ၂၆ | IDI-TBY-06 | မ | ၂၇ | တောင်သူလယ်သမား | Grade 11 | နှောကုန်း |
| ၂၇ | IDI-TBY-07 | မ | ၁၉ | ကျောင်းသူ | Grade 11 | ငါးဘို ရွာ |
| ၂၈ | IDI-TBY-08 | ကျား | ၃၂ | တောင်သူလယ်သမား | Grade 11 | ပုဂံရွာ |
| ၂၉ | IDI-TBY-09 | ကျား | ၃၁ | ပြည်သူ့ဝန်ထမ်း (CDM) | B.A | ကုန်းတိုက်ရွာ |
| ၃၀ | IDI-TBY-10 | မ | ၂၅ | တောင်သူလယ်သမား | Grade 11 | ဒိုင်းနက်ရွာ |
| ၃၁ | IDI-YMB-01 | မ | ၅၀ | နေ့စား အလုပ်သမား | Grade 9 | ထန်းတောရပ်ရွာ |
| ၃၂ | IDI-YMB-02 | မ | ၄၁ | မှီခို | တက္ကသိုလ် ဘွဲ့ရ | ရင်ပေါင်တိုင်ရွာ |
| ၃၃ | IDI-YMB-03 | မ | ၄၈ | နေ့စား အလုပ်သမား | Grade 5 | ရင်ပေါင်တိုင်ရွာ |
| ၃၄ | IDI-YMB-04 | ကျား | ၄၄ | လက်သမား | Grade 5 | ရင်ပေါင်တိုင်ရွာ |

| | | | | | | |
|---|---|---|---|---|---|---|
| ၃၅ | IDI-YMB-05 | မ | ၃၇ | ကုန်ရောင်း | Grade 11 | ရင်ပေါင်တိုင်ရွာ |
| ၃၆ | IDI-YMB-06 | မ | ၃၀ | ကုန်ရောင်း | Grade 8 | ရင်ပေါင်တိုင်ရွာ |
| ၃၇ | IDI-YMB-07 | မ | ၃၅ | နေ့စား အလုပ်သမား | Grade 8 | ရင်ပေါင်တိုင်ရွာ |
| ၃၈ | IDI-YMB-08 | မ | ၄၀ | တောင်သူလယ်သမား | Grade 5 | ရင်ပေါင်တိုင်ရွာ |
| ၃၉ | IDI-YMB-09 | မ | ၂၀ | လုပ်ငန်းရှင် | သချာ ဒုတိယနှစ် | အခြားရွာများမှ ဘုန်းကြီးကျောင်း |
| ၄၀ | IDI-KYH-01 | ကျား | ၅၁ | တောင်သူလယ်သမား | Grade 4 | တာဖိုရွာ စခန်း |
| ၄၁ | IDI-KYH-02 | မ | ၃၀ | တောင်သူလယ်သမား | Grade 11 | ချိုကယ်၊ ကေထူးဘို ဘောဒါ စခန်း |
| ၄၂ | IDI-KYH-03 | မ | ၃၀ | တောင်သူလယ်သမား | Grade 11 | ဒေါသမကြီး စခန်း |
| ၄၃ | IDI-KYH-04 | မ | ၂၈ | တောင်သူလယ်သမား | Grade 9 | ဘိုချ စခန်း |
| ၄၄ | IDI-KYH-05 | မ | ၃၀ | လူမှုရေး လုပ်သား | Grade 11 | ဒေါင်းငံရောက် စခန်း |
| ၄၅ | IDI-KYH-06 | မ | ၃၀ | ပညာရေးအရာရှိ (CDM) | Grade 11 | ဒေါနိုခူ စခန်း |
| ၄၆ | IDI-KYH-07 | ကျား | ၃၂ | ပြည်သူ့ဝန်ထမ်း (CDM) | တက္ကသိုလ် ဘွဲ့ရ | ကောင်းထူး ရွာ |
| ၄၇ | IDI-KYH-08 | ကျား | ၅၇ | ယာဉ်မောင်း | Grade 9 | ကွေးတော်ဒူ Baptist ဘုရားကျောင်း |
| ၄၈ | IDI-KYH-09 | ကျား | ၄၆ | - | Grade 7 | ကွေးတော်ဒူ Baptist ဘုရားကျောင်း |
| ၄၉ | IDI-KYH-10 | မ | ၂၄ | သူနာပြုအကူ | Grade 11 | ကွေးတော်ဒူ Baptist ဘုရားကျောင်း |
| ၅၀ | IDI-KYH-11 | မ | ၁၈ | N/A | Grade 11 | ကွေးတော်ဒူ Baptist ဘုရားကျောင်း |
| ၅၁ | IDI-KYH-12 | ကျား | ၂၈ | ကျောင်းဆရာ (CDM) | B.A (Geo) | ဝါးရုံတော စခန်း |
| ၅၂ | IDI-KYH-13 | ကျား | ၅၂ | တောင်သူလယ်သမား | Grade 8 | ဝါးရုံတော စခန်း |
| ၅၃ | IDI-KYH-14 | မ | ၂၂ | စေတနာ့ဝန်ထမ်း ဆရာ | စတုတ္ထနှစ် သတ္တဗေဒ | ဝါးရုံတော စခန်း |
| ၅၄ | IDI-KYH-15 | မ | ၂၇ | ကျောင်းဆရာမ (CDM) | B.A | ဝါးရုံတော စခန်း |
| ၅၅ | IDI-KYH-16 | ကျား | ၂၅ | ကျောင်းဆရာ (CDM) | B.A (Eco) | ဆောင်းနုလ အုပ်စု (ဆော့ဘောသာ) စခန်း |
| ၅၆ | IDI-KYH-17 | ကျား | ၃၀ | မီးသတ်ဝန်ထမ်း (CDM) | Grade 11 | ဆောင်းနုလ အုပ်စု (ဆော့ဘောသာ) စခန်း |
| ၅၇ | IDI-KYH-18 | မ | ၂၁ | ပြည်သူ့ဝန်ထမ်း (CDM) | Grade 10 | သရက်ကုန်း စခန်း |
| ၅၈ | IDI-KYH-19 | ကျား | ၅၁ | တောင်သူလယ်သမား | Grade 1 | သရက်ကုန်း စခန်း |

| | | | | | | |
|---|---|---|---|---|---|---|
| ၅၉ | IDI-KYH-20 | မ | ၄၁ | ကုန်ရောင်း | Grade 2 | သရက်ကုန်း စခန်း |
| ၆၀ | IDI-KYH-21 | မ | ၂၁ | ပြည်သူ့ဝန်ထမ်း (CDM) | Grade 11 | သရက်ကုန်း စခန်း |
| ၆၁ | IDI-KYH-22 | ကျား | ၅၁ | တောင်သူလယ်သမား | Grade 2 | သရက်ကုန်း စခန်း |
| ၆၂ | IDI-KYH-23 | မ | ၄၁ | ကုန်ရောင်း | Grade 3 | သရက်ကုန်း စခန်း |